# ကြေးမုံ
## The Mirror

၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့၊ (4-1-2005) (၄၄၆၈)


**ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွပါဝင်**

**ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ် အကောင်အထည်ဖော်နေပြီဖြစ်ရာ ဤမူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးက အပြုသဘောဆောင်သော ခံယူချက်သဘောထားကို ရင်ဝယ်ပိုက်ကာ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက် အကောင်အထည်ဖော်ရန်လိုအပ်။**

# အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုသည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအပေါ်တွင်အခြေခံ

# နိုင်ငံတကာသင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် မလွဲမသွေလိုအပ်

# စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ်တည်ဆောက်ရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်း

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၀၅ခုနှစ်၊ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ**

**ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ဖြစ်သော ကျက်သရေမင်္ဂလာအပေါင်း ဆောင်းသည့် ဤနေ့ထူးနေ့မြတ် မင်္ဂလာအခါသမယတွင် နိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက်ရှိကြသော တိုင်းရင်းသားပြည်သူအပေါင်းတို့အား ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။**

တိုင်းရင်းသား ပြည်သူအပေါင်းတို့သည် များစွာသော အသက်၊ သွေး၊ ချွေးတို့ကို အရင်းအနှီးပြု၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၅၇)နှစ်တင်းတင်း ပြည့်မြောက်ပြီဖြစ်သည်။

မြန်မာနိုင်ငံသမိုင်းကို ပြန်ပြောင်းလေ့လာကြည့်မည်ဆိုလျှင် ပြည်ထောင်စုဖွား တိုင်းရင်းသားများဖြစ်ကြသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသည့် ညီအစ်ကိုမောင်နှမများသည် သမိုင်းမတင်မီ ကာလကတည်းကပင် အေးအတူ ပူအမျှ၊ ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့ကြကြောင်း တွေ့ရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံသားတို့သည် မိမိနိုင်ငံ၊ မိမိလူမျိုးကို ချစ်မြတ်နိုးသည့်စိတ်ကို အခြေပြုလျက် ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ခေတ်အဆက်ဆက် ရှင်သန်ဖွံ့ဖြိုးခဲ့ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

**ပြခန်းများ ကြည့်ရှုစစ်ဆေး**

**၂၀၀၅ခုနှစ်၊ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ပြပွဲ ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

# အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်ချီးမြှင့်

**ရန်ကုန်　ဇန်နဝါရီ　၃**

နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေး၊ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ●

**အထူးထုတ် ရောင်စုံအချပ်ပို လေးမျက်နှာပါရှိ**

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၀၅ခုနှစ်၊ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု အထူးထုတ် ရောင်စုံအချပ်ပို လေးမျက်နှာ ပါရှိပါသည်။**

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

၄–၁–၂၀၀၅
(အင်္ဂါနေ့)

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ အစွန့်ရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းကာကွယ်

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ဖြစ်သည်။ တစ်နည်းဆိုရလျှင် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်အုပ်ချုပ် သွေးစုပ်ခြယ်လှယ်မှုအောက်မှ လွတ်မြောက်ကာ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ပြန်လည်ပိုင်ဆိုင်ရယူနိုင်ခဲ့သည့်(၅၇)နှစ်မြောက် နေ့လည်းဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့က မြန်မာနိုင်ငံကို ၁၈၂၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင်တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် ကျူးကျော်စစ် သုံးကြိမ်ပြု၍ မတရားသိမ်းပိုက်ခဲ့ကြသည်။ ကိုလိုနီဘဝတွင် ၁၂၃ နှစ် ကျော်ကြာ နယ်ချဲ့တို့၏ ဖိနှိပ်အုပ်ချုပ် သွေးစုပ်မှု၏ ခါးသီးသောဒဏ်ကို တိုင်းရင်းသားပြည်သူများ ခါးစည်းခံစားခဲ့ကြရသည်။

မြန်မာ့လွတ်လပ်ရေး ဆုံးရှုံးခဲ့ရသော်လည်း မြန်မာတို့သည် နယ်ချဲ့ အုပ်ချုပ်မှုကို ခေါင်းငုံ့မခံခဲ့ကြပေ။ တိုင်းရင်းသား ပြည်သူအပေါင်းတို့က တောင်ပေါ်မြေပြန့် နေရာဒေသအနှံ့တွင် ရရာလက်နက်စွဲကိုင်ကာ သူ့ကျွန်မခံ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲများ ဆင်နွှဲခဲ့ကြသည်။

ယင်းကဲ့သို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့က အသက်၊ သွေး၊ ချွေးများစွာ ရင်းနှီးပေးဆပ်စွန့်စားလျက် နယ်ချဲ့တို့အား တွန်းလှန် တိုက်ပွဲဝင်မှု စွမ်းပကားကြောင့် မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာ နိုင်ငံတော်အဖြစ်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ထို့ကြောင့် တိုင်းချစ်ပြည်ချစ် မျိုးချစ်တိုင်းရင်းသား ပြည်သူအပေါင်း တို့က စွန့်လွှတ်စွန့်စားတိုက်ပွဲဝင် ရယူတည်ဆောက်ပေးခဲ့သည့် လွတ်လပ် ရေးကို ထာဝရမြတ်နိုး တန်ဖိုးထားကြရပါမည်။ မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းကာလတစ်လျှောက်နှင့် လွတ်လပ်ရေးရရှိပြီးနောက် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရာတွင် အသက်ပေါင်းများစွာ စွန့်လှူတိုက်ပွဲဝင်ခဲ့ကြသည့် တိုင်းရင်းသားမျိုးချစ် သူရဲကောင်းတို့ကိုလည်း အစဉ်လေးစား ဂုဏ်ပြုကြရမည်ဖြစ်သည်။

နိုင်ငံတော်က ၂၀၀၅ ခုနှစ်(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက်–

**(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရေး၊**

**(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး အတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**

**(၃) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင် ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊**

**(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေး အတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး**

ဟူသည့် အမျိုးသားရေးဦးတည်ချက်များကို ချမှတ်ထားသည်။

ယင်းဦးတည်ချက်များသည် နိုင်ငံသူ၊နိုင်ငံသားအားလုံးက နိုင်ငံတော် အတွက် အဓိကပါဝင်ဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်များ ဖြစ်သည်။မျက်မှောက်ကာလနှင့် နောင်အနာဂတ်ကာလတွင်ပါ နိုင်ငံတော် နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် လေးနက်ခိုင်မာစွာ ကြိုးပမ်း အားထုတ်ကြရမည့် အမျိုးသားရေးတာဝန်များလည်း ဖြစ်ပေသည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာ ထာဝရအစွန့်ရှည် တည်တံ့ခိုင်မြဲရေး အတွက် ပူးပေါင်းထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် နှီးကြားတက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်သွား ကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

# ဆူနာမီရေလှိုင်းဒဏ်ခံ ဒုက္ခသည်များအတွက် ကန်၏အကူအညီ လောက်လောက်ငင မရှိဟု ပြင်သစ်သတင်းစာက ရေးသားဖော်ပြ

ပါရီ ဇန်နဝါရီ ၃

**အမေရိကန်အစိုးရက ဆူနာမီပင်လယ်လှိုင်းဒဏ်ခံရသည့် အာရှနိုင်ငံများအားပေးသည့်အကူအညီမှာ လောက်လောက်ငင မရှိကြောင်း၊ အမေရိကန်တွင် နေ့စဉ် ခွေးနှင့်ကြောင်အတွက် အစားအစာ ရောင်းဝယ်ဖောက်ကားသည့်ငွေ၏ ထက်ဝက်မျှပင်မရှိကြောင်း ပြင်သစ်နိုင်ငံမှ လာဖီဂရိုသတင်းစာက ကြာသပတေးနေ့တွင် နှိုင်းယှဉ်ရေးသားလိုက်သည်။**

အမေရိကန်သမ္မတ ဂျော့ဂျ်၊ဘုရှ်က ကနဦးကာလပိုင်းတွင် အရေးပေါ် အကူအညီအဖြစ် အမေရိကန် ဒေါ်လာ ၁၅ သန်းပေးရန် ကတိပေးမှုသည် သဘာဝဘေးအန္တရာယ်၏ ထိခိုက်မှု ပမာဏနှင့်နှိုင်းယှဉ်ပါက လှောင်ပြောင် စရာပင်ကောင်းလှကြောင်း စသဖြင့် အဆိုပါ သတင်းစာက ရေးသားသည်။

ဒေါ်လာ ၁၅ သန်း ဆိုသည့် ငွေကြေး ပမာဏသည် အမေရိကန်တွင် ခွေးနှင့် ကြောင်အတွက် အစားအစာ ရောင်းရငွေ၏ ထက်ဝက်လောက်ပင် မရှိကြောင်း၊ ယင်းပမာဏသည် အီရတ်စစ်ပွဲတွင် အမေရိကန်ကြည်းတပ် အတွက် နေ့စဉ်ကုန်ကျသည့် စားစရိတ်၏ ၁၀ပုံတစ်ပုံသာရှိကြောင်း သို့တည်း မဟုတ် အက်ဖ်–၁၆ဂျက်တိုက်လေယာဉ် တစ်စင်း၏ တန်ဖိုး ထက်ဝက်မျှသာ ရှိကြောင်း ပြင်သစ်နေ့စဉ်သတင်းစာက ဆက်လက်ရေးသားသည်။

လာဖီဂရိုသတင်းစာက အမေရိကန် ပြည်ထောင်စုအား အင်အားကြီးနိုင်ငံ တစ်နိုင်ငံအဖြစ် ဖော်ပြလိုက်ပြီး တစ်နိုင်ငံအား နိုင့်ထက်ကလူပြုကာ အခြားတစ်နိုင်ငံကို မျက်နှာသာပေး တတ်သော လုပ်ရပ်သည် တစ်ချိန်ချိန် တွင် ဒုက္ခဖြစ်လာမည်သာဖြစ်ကြောင်း ထပ်လောင်းရေးသားလိုက်သည်။

ကုလသမဂ္ဂအရေးပေါ် ကယ်ဆယ် ရေးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေးမှူး ဂျန်အိချ်လင်းက ချမ်းသာကြွယ်ဝသည့် နိုင်ငံများက အကူအညီပေးရာတွင် စေးကပ်လှကြောင်း တနင်္လာနေ့က ပြောကြားခဲ့ပြီး ၂၀၀၀ ပြည့်နှစ်အတွင်း ၎င်းတို့၏ အသားတင်ထုတ်လုပ်မှု တန်ဖိုး(ဂျီဒီပီ)မှ သုည ဒသမ ခုနစ် ရာနှုန်း ပေးလှူရန် ကတိပြုခဲ့သော်လည်း သုည ဒသမ တစ်ရာနှုန်း သို့တည်း မဟုတ် နှစ်ရာနှုန်းသာ ပေးလှူခဲ့ကြောင်း ပြောကြားသည်။

ပြင်သစ်အစိုးရက ဆူနာမီ ပင်လယ် လှိုင်းဒဏ်ခံရသည့် နိုင်ငံများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီကို နှစ်ဆတိုးကာ ဒေါ်လာ ၅၇ သန်းအထိ ပေးလှူရန် အဆင်သင့် ရှိနေကြောင်း ကြာသပတေးနေ့က ပြောကြားခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# တရုတ်နိုင်ငံ၏ လက်ရှိလယ်ယာစိုက်ပျိုးရေးဆိုင်ရာမူဝါဒ ၂၀၀၅ ခုနှစ်တွင် ဆက်လက် ကျင့်သုံးသွားမည်

**ပေကျင်း ဒီဇင်ဘာ ၃**

တရုတ်နိုင်ငံတွင် သီးနှံပိုမိုထွက်ရှိ ရေးနှင့် လယ်သမားများ၏ ၂၀၀၅ ခုနှစ် အတွင်း ဝင်ငွေတိုးရေးအတွက် လယ်ယာစိုက်ပျိုးရေးဆိုင်ရာ မူဝါဒ များကို ဆက်လက်ကျင့်သုံးသွားမည် ဖြစ်ကြောင်း တရုတ်ဗဟို အာဏာပိုင် များက ပေကျင်း၌ နှစ်ရက်ကြာ ကျင်းပ သည့် ညီလာခံတွင် အာမခံပြောကြား လိုက်သည်။ အဆိုပါ ညီလာခံသို့ ဒုတိယဝန်ကြီးချုပ် ဟွီလီယန်ယု တက်ရောက်ခဲ့သည်။

**– ဆွေးနွေး –**

တရုတ် ကွန်မြူနစ်ပါတီ ဗဟို ကော်မတီနှင့် နိုင်ငံတော်ကောင်စီ ၏ လယ်ယာစိုက်ပျိုးရေးဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်းကို ညီလာခံ တက်ရောက်သူများက ဆွေးနွေးသည်။

၂၀၀၄ ခုနှစ်အတွင်းတွင် တရုတ် နိုင်ငံအနေဖြင့် စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိန်းထား နိုင်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးတွင် သိသိသာသာ တိုးတက်အောင် ဖော်ဆောင်နိုင် ကြောင်း ညီလာခံက ကောက်ချက်ချ သည်။ ကျေးလက်ဒေသတွင် အောင်မြင်မှုများရော၊ အားနည်းချက် ပြဿနာများပါ ရှိနေသည့်အတွက် နိုင်ငံတော်အနေဖြင့် ကျေးလက်အခြေ အနေကို တိတိကျကျ သုံးသပ်ပြီးမှ ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲသင့် ကြောင်း ညီလာခံ တက်ရောက်လာ သူများက ပြောဆိုသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***

# သဘာဝဘေးအန္တရာယ်ကို တိရစ္ဆာန်များက ကြိုတင်သိမြင်နိုင်ဟုယူဆ

**ကိုလံဘို ဇန်နဝါရီ ၃**

အိန္ဒိယသမုဒ္ဒရာအတွင်း ကျွန်းကမ်းခြေတစ်လျှောက်ရှိ လူ ၂၂၀၀၀ ခန့် ဆူနာမီပင်လယ်ဒီလှိုင်းကြီးများ၏ ရိုက်ခတ် မှုကြောင့် သေဆုံးခဲ့ရသော်လည်း တိရစ္ဆာန်တစ်ကောင် တလေမျှ သေဆုံးသည်ကို တွေ့ခဲ့ခြင်း မရှိမှုအပေါ် သီရိ လင်္ကာနိုင်ငံ တောရိုင်းတိရစ္ဆာန်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အံ့သြလျက်ရှိကြသည်။

**ကျက်စား**

ဧရာမ ဆူနာမီဒီလှိုင်းကြီးများသည် နှစ်မိုင်အထိ တက်လာပြီး ရိုက်ခတ်ခဲ့ရာ သီရိလင်္ကာနိုင်ငံတွင် အကြီးဆုံး ဖြစ်သည့် တောရိုင်းတိရစ္ဆာန်ကာကွယ်တောရှိ ယာလာ အမျိုးသားပန်းခြံအထိ ရောက်ရှိခဲ့သည်။

အဆိုပါ ကာကွယ်တောအတွင်း ဆင်ရိုင်းများ ရာချီ၍ ရှိနေပြီး ကျားသစ်အများအပြား ကျက်စားနေထိုင်ကြ သည်။

ဒီလှိုင်းကြောင့် တိရစ္ဆာန်အသေများ မတွေ့ရသည်မှာ ထူးဆန်းလှကြောင်း တောရိုင်းတိရစ္ဆာန်ဌာန ဒုတိယ ညွှန်ကြားရေးမှူး ရက်နာယာကီက ရိုက်တာသတင်းဌာနသို့ ဗုဒ္ဓဟူးနေ့က ပြောကြားသည်။မည်သည့်ဆင်မျှ မသေကြောင်း၊ ယုန်ကလေး တစ်ကောင်တလေမျှပင် မသေဆုံးခဲ့ကြောင်း၊ တိရစ္ဆာန်များသည် သဘာဝဘေးအန္တရာယ်ကို ကြိုတင်သိနိုင် သည်ဟု မိမိထင်မြင်မိကြောင်း၊ တိရစ္ဆာန်များတွင် ဆဋ္ဌမ အာရုံ ရှိနေကြောင်း၊ ယင်းတို့က ဒီလှိုင်းမည်သည့်အချိန် ရောက်လာမည်ကို သိရှိနေကြကြောင်း ရက်နာယာကီက ပြောကြားသည်။

**ဆုံးရှုံး**

အိန္ဒိယသမုဒ္ဒရာအတွင်း အင်အားပြင်းထန်သည့် မြေငလျင်လှုပ်ခဲ့ပြီးနောက် ငါးမီတာမြင့်သည့် ဆူနာမီ ပင်လယ်ဒီလှိုင်းကြီးများ သီရိလင်္ကာနိုင်ငံတောင်ပိုင်း၊ အရှေ့ ပိုင်း၊ မြောက်ပိုင်းဒေသများသို့ ရိုက်ခတ်ခဲ့မှုကြောင့် မြို့ရွာများ ရေလွှမ်းမှုဖြစ်ကာ လူနေအိမ်ခြေ အမြောက်အမြား ဆုံးရှုံး ခဲ့ရသည်။

***အမ်အင်အေ၊ရိုက်တာ။***

# ရေနံပိုက်လိုင်းသစ် တည်ဆောက်ရန် ရုရှားအစိုးရအဖွဲ့က သဘောတူခွင့်ပြု

**မော်စကို ဇန်နဝါရီ ၂**

ရုရှားအစိုးရအဖွဲ့သည် ပစိဖိတ်ဒေသသို့ဆက်သွယ်သော ရေနံပိုက်လိုင်းသစ် တည်ဆောက်ရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း၊ ရေနံပိုက်လိုင်းသစ် တည်ဆောက်ခြင်းဖြင့် ဂျပန်နိုင်ငံသို့ ရေနံတင်ပို့ရောင်းချ နိုင်မည်ဖြစ်ကြောင်း နိုင်ငံပိုင် ရေနံကုမ္ပဏီဖြစ်သော ထရန်နက်ဖ်က ထုတ်ပြန်သော ကြေညာချက် တစ်ရပ်တွင် ဖော်ပြသည်။

ရေနံပိုက်လိုင်းသစ် စီမံကိန်းကို ထရန်နက်ဖ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက် မည်ဖြစ်သည်။ ယင်းစီမံကိန်းအရ တစ်ရက်လျှင် ရေနံစည်ပေါင်း ၁ ဒသမ ၆ သန်း တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ၄၁၃၀ ကီလိုမီတာအရှည်ရှိ ရေနံပိုက်လိုင်းသည် အရှေ့ဆိုက်ဘေးရီးယားဒေသရှိ တိုင်ရှက်မြို့မှ ပစိဖိတ်ပရီမော့စ်ဒေသရှိ ပါဗို ဇင်နာယာမြို့အထိ သွယ်တန်းတည်ရှိနေမည်ဖြစ်ကြောင်း အဆိုပါကုမ္ပဏီက ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြထားသည်။

ရေနံပိုက်လိုင်းစီမံကိန်းသစ်အတွက် ငွေကြေးမည်မျှကုန်ကျမည်ကို အတိအကျ မသိရသေးသော်လည်း အမေရိကန်ဒေါ်လာ ၁၀ ဘီလီယံကျော် ကုန်ကျမည်ဟု ခန့်မှန်းရသည်။ ၂၀၀၅ ခုနှစ် မေလထက်နောက်မကျဘဲ ရေနံပိုက်လိုင်းစီမံကိန်း အတွက် တည်ဆောက်မှုများပြုလုပ်နိုင်ရန် ထရန်နက်ဖ်ကုမ္ပဏီက အစိုးရ တာဝန်ရှိပုဂ္ဂိုလ်များနှင့် လက်တွဲလုပ်ကိုင်သွားမည်ဖြစ်သည်။ ***အင်တာနက်။***

# ပညာရေးကဏ္ဍတွင် အင်အားပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံဆောင်ရွက်နေသည့်အလျောက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ရရှိနိုင်ပြီဖြစ်

☆ **အချုပ်အခြာအာဏာမှ**

ထိုစိတ်ကောင်းစိတ်မြတ်များ၏ စေ့ဆော်မှုကြောင့်လည်း ဆုံးရှုံးခဲ့သော လွတ်လပ်ရေးနှင့် အချုပ်အခြာ အာဏာကို ပြန်လည်ရယူနိုင်ခဲ့ခြင်း ဖြစ်ပေသည်။

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကြောင့် တိုင်းပြည်အင်အားတောင့်တင်း၍ ဖွံ့ဖြိုးစည်ပင်ခဲ့သည်ကိုလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ခြင်းကြောင့် တိုင်းပြည်အင်အားချည့်နဲ့၍ ဖွံ့ဖြိုးတိုးတက်မှု ခေတ်နောက်ကျခဲ့ရသည်ကိုလည်းကောင်း သမိုင်းသင်ခန်းစာယူလျက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ချမှတ်ကာ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို အဓိကဦးတည်လျက် နိုင်ငံတော်ကို တည်ဆောက်သွားရန် သန္နိဋ္ဌာန်ပြုထားပေသည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏တာဝန်ကို ရယူခဲ့ရပြီးနောက် အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို အလေးအမြတ် ဦးထိပ်ပန်ဆင်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်လျက်ရှိပေသည်။ ယင်းသို့ တည်ဆောက်ရာတွင် အမျိုးသားစည်းလုံးညီညွတ်ရေးသည် ပဓာနလိုအပ်ချက်ဖြစ်သည့်အလျောက် တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများနှင့် ညှိနှိုင်းဆွေးနွေးကာ ငြိမ်းချမ်းမှုရယူရန် ကြိုးပမ်းခြင်းဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုကို ပထမဦးစွာ တည်ဆောက်ခဲ့သည်။ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ရရှိလာသည့်အလျောက် မူလရည်မှန်းချက်အတိုင်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည် ဖော်လျက်ရှိပေသည်။

အမျိုးသားစည်းလုံးညီညွတ်ရေး တည်ဆောက်ရာတွင် လုံခြုံရေး အခြေအနေကြောင့် ဖွံ့ဖြိုးမှုနှေးကွေးခဲ့ရသော နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးလုပ်ငန်းများအဖြစ် စတင်အကောင်အထည်ဖော်ခဲ့သည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး နယ်စပ်ဒေသများ၏ စီးပွားရေးအခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ အမျိုးသားစည်းလုံးညီညွတ်ရေး အခြေခံကောင်းများလည်း တစ်ပါတည်း ရရှိလာခဲ့သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် တည်ဆောက်ရေးကို တစ်မျိုးသားလုံး၏ ပန်းတိုင်အဖြစ် ချမှတ်၍ အမျိုးသားစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန်အတွက် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေး ကော်မတီတစ်ရပ်ဖွဲ့စည်းပြီး ဒေသအလိုက်၊ ကဏ္ဍအလိုက် လိုအပ်ချက်များကို လျာထားအကောင်အထည်ဖော်လျက် ရှိပေသည်။

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသည့်နည်းတူ တစ်နိုင်ငံလုံးတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခု သတ်မှတ်ကာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက်လည်း လုပ်ငန်းစဉ်များချမှတ်ဆောင်ရွက်လျက်ရှိသည်။ ဤသို့အားဖြင့် နိုင်ငံတော်တစ်ဝန်းလုံးတွင် အကြားအလပ်မရှိ ဘက်ပေါင်းစုံ ဖွံ့ဖြိုးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်လျက် ရှိပေသည်။

နိုင်ငံတော်တွင် ထုထည်ပမာဏအကြီးမားဆုံးဖြစ်သော လယ်ယာကဏ္ဍ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ဆည်မြောင်းတာတမံသစ်များ၊ မြစ်ရေတင်လုပ်ငန်းများကို စီမံကိန်းများရေးဆွဲကာ တစ်နှစ်ထက် တစ်နှစ် တိုးချဲ့အကောင်အထည်ဖော်လျက်ရှိပေသည်။ ထို့အတူ တိုးတက်လာမည့် စက်မှုလုပ်ငန်းများနှင့် လူနေမှုစနစ် လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် အကြီးစား၊ အလတ်စား၊ လျှပ်စစ်စွမ်းအားစီမံကိန်းများကို အကောင်အထည်ဖော်လျက်ရှိသည်။ လျှပ်စစ်စွမ်းအား မဂ္ဂါဝပ်များကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့ထုတ်လုပ်လျက်ရှိသည်။ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် မော်တော်ကားလမ်းများ၊ မြို့ချင်းဆက်၊ ရွာချင်းဆက်လမ်းများ တိုးချဲ့ခြင်း၊ ရထားလမ်းသစ်များ ဖောက်လုပ်ခြင်း၊ မြစ်ကူး ချောင်းကူးတံတားကြီးများ တိုးချဲ့တည်ဆောက်ခြင်း၊ လေဆိပ်သစ်များ တိုးချဲ့တည်ဆောက်ခြင်း၊ လေယာဉ်ကွင်းများ အဆင့်မြှင့်ခြင်း စသည့်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက် ရှိနေပေသည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် ပဓာနကျသောပညာရေး ကဏ္ဍတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိပေသည်။ အခြေခံပညာ ကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့တွင် သင်ယူမှုအခွင့်အလမ်း မြင့်မားတိုးတက်ရေးနှင့် ပညာအရည်အသွေး မြင့်မားရေးတို့အတွက် ဘာသာရပ်များ တိုးချဲ့သင်ကြားခြင်း၊ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ တစ်နှစ်ထက်တစ်နှစ် အဆင့်မြှင့်ခြင်းနှင့် အသစ်ဖွင့်လှစ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ယခုအချိန်တွင် နိုင်ငံတစ်ဝန်းလုံး၌ ကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ၊ ပြည်နယ်၊ တိုင်းအနှံ့ ဖြန့်ကြက်ပေါ်ထွန်းလျက်ရှိနေပြီဖြစ်သည်။

ယခုအခါ အခြေခံပညာကဏ္ဍတွင် နိုင်ငံတစ်ဝန်းလုံး အခြေခံပညာ ကျောင်းပေါင်း ၄၀၅၀၅ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံသားတိုင်း အခြေခံပညာသင်ယူခွင့် ရရှိရေးကို စီမံကိန်းချမှတ်ဆောင်ရွက်နေသည်။ စီမံကိန်း၏ ရလဒ်အဖြစ် ၁၉၈၈ခုနှစ်တွင် မူလတန်းအဆင့် ကျောင်းဝင်နှုန်း ၇၇ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခု ၂၀၀၄-၂၀၀၅ ပညာသင်နှစ်တွင် ကျောင်းဝင်နှုန်း ၉၆ ဒသမ ၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ အခြေခံပညာအဆင့်တိုင်းမှာလည်း ကူးပြောင်းသင်ယူမှု သိသိသာသာ မြင့်မားတိုးတက်လာခဲ့သည်။ လူတိုင်းအတွက် ပညာရေးစီမံကိန်းကြောင့် ၁၉၈၈ခုနှစ်တွင် စာတတ်နှုန်း ၇၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခု ၂၀၀၄ခုနှစ်တွင် ၉၃ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

တစ်နိုင်ငံလုံးတွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၆ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ဘွဲ့လွန်ပညာကဏ္ဍ၌ ပါရဂူတန်းအထိ ဖွင့်လှစ်ကာ ဘာသာရပ်အသီးသီးတွင် ပါရဂူဘွဲ့ရ ပညာရှင်များကို မွေးထုတ်ပေးနေပြီ ဖြစ်သည်။ နိုင်ငံတော်သည် ပညာရေးကဏ္ဍတွင် အင်အားပမာဏကြီးမားစွာ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေသည့်အလျောက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ရရှိနိုင်ပြီ ဖြစ်ပေသည်။

ကျန်းမာရေးကဏ္ဍတွင် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးပညာသင်ကြားမှုကို တိုးချဲ့မြှင့်တင်ခြင်း၊ ဆေးရုံများ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဆေးရုံများ အဆင့်မြှင့်ခြင်း၊ ခေတ်မီကိရိယာများ တိုးချဲ့တပ်ဆင်ခြင်းများ ဆောင်ရွက်သကဲ့သို့ တိုင်းရင်းဆေးပညာ တိုးတက်ရေးအတွက်လည်း တိုင်းရင်းဆေးပညာ တက္ကသိုလ်ကြီးတစ်ခုနှင့် တိုင်းရင်းဆေးရုံများ ဖွင့်လှစ်ကာ အားပေးမြှင့်တင်လျက်ရှိပေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို အစဉ်တစိုက်ကျင့်သုံးလျက် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးရပ်ကို အခြေခံကာ ကမ္ဘာ့နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက် ဆက်ဆံရေးကို အစဉ်ရှေးရှုလျက်ရှိသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကိုလည်း လူငယ်၊ လူလတ်အင်အားစုများဖြင့် ဖွဲ့စည်းပြီးဖြစ်သည့်အလျောက် မျိုးဆက်သစ် လူငယ်များကို စည်းရုံးလေ့ကျင့်ကာ ခိုင်မာသော အမျိုးသားအင်အားစု ကြီးအဖြစ် လှုပ်ရှားဆောင်ရွက်နေပြီဖြစ်ပေသည်။

နိုင်ငံတော်တွင် ယင်းသို့ အဘက်ဘက်က ရင်းနှီးမြှုပ်နှံတည်ဆောက် နေမှုများသည် နိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်များပင်ဖြစ်သည်။ ဒီမိုကရေစီနိုင်ငံတော်ကို ခိုင်ခိုင်မြဲမြဲ တည်ထောင်ရန်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးတောင့်တင်းရေးနှင့် တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးတို့သည် ပဓာနကျသော လိုအပ်ချက်များပင်ဖြစ်သည်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်နေခြင်းသည် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး၏ အခြေခံပင် ဖြစ်ပေသည်။ ထို့ပြင် တစ်မျိုးသားလုံး၏ ဘဝအတွေ့အကြုံအရ မိမိနိုင်ငံ ဖွံ့ဖြိုးရေးတွင် ပြည်သူများ၏ အင်အားသည် ပဓာနအကျဆုံး ဖြစ်ပေသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မြန်မာနိုင်ငံ ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်နေပြီ ဖြစ်ရာ ဤမူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူ တစ်ရပ်လုံးက အပြုသဘောဆောင်သော ခံယူချက်သဘောထားကို ရင်ဝယ်ပိုက်ကာ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက် ကြွကြွ ပါဝင်ဆောင်ရွက် အကောင်အထည်ဖော်ရန် လိုအပ်ပေသည်။

နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမှုသည် ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ကာ နိုင်ငံအတွင်း မှီတင်း နေထိုင်ကြသော တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်ရေးပေါ်တွင် အခြေခံပေသည်။ နိုင်ငံတကာ သင်ခန်းစာများအရ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် မလွဲမသွေ လိုအပ်ကြောင်း အထင်အရှား တွေ့ရှိနိုင်ပေသည်။

ကျွန်ုပ်တို့သည် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး မလွဲမသွေ ပေါ်ပေါက်လာစေရမည်ဟူသည့် ခိုင်ကျည်တည်မြဲသော သန္နိဋ္ဌာန်ဖြင့်—

**(၁) နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ စုစည်းလက်တွဲ ပူးပေါင်းထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရေး၊**

**(၂) ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊**

**(၃) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသား အားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊**

**(၄) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံသစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး**

ဟူသော ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်ကို ချမှတ်ထားပေသည်။

ဤလွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်ကို ကျွန်ုပ်တို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမအပေါင်းတို့သည် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် စည်းစည်း လုံးလုံး၊ ညီညီညွတ်ညွတ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့မင်္ဂလာအခါသမယ တွင် ချစ်ကြည်လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## အောင်ဆန်းသူရိယလှသောင်းကျောင်း (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

**ရန်ကုန် ဇန်နဝါရီ ၃**

မင်္ဂလာဒုံမြို့နယ် အောင်ဆန်းသူရိယ လှသောင်းကျောင်း (ဘော်ဒါ) ကျောင်းသားဟောင်းများ၏ ၁၉၆၁ မှ ၁၉၇၂ ခုနှစ်ထိ ပညာသင်ကြားပေးခဲ့သော ဆရာ၊ ဆရာမကြီးများအား (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၉ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက(၂) မင်္ဂလာဒုံ လှသောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် ကျင်းပရေးကော်မတီ ဖုန်း- ၅၀၅၃၀၂ က နှိုးဆော်ထားသည်။ (က-ပ)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၄-၁-၂၀၀၅ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှောဝင်
**၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
**၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
**၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
**၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
**၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
**၄:၄၅** ၇။ မျိုးချစ်တပ်မတော်
**၅:၀၀** ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -အာသံနိုင်မော်ကွန်း၏ဂုဏ်ရည် (မြန်မာစာအထူးပြု)
**၅:၄၅** ၉။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၁၁။ နိုင်ငံတကာသတင်း
**၆:၂၀** ၁၂။ မိုးလေဝသသတင်း
**၆:၂၅** ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
**၆:၄၀** ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
**၇:၀၀** ၁၅။ **ရုပ်မြင်သံကြား ဇာတ်လမ်း "ကြယ်တစ်ပွင့်ရဲ့ဒိုင်ယာရီ" (အပိုင်း-၁၃)**
**၈:၀၀** ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ မြန်မာ့ရှုခင်း
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရုပ်မြင်သံကြား ဇာတ်လမ်း "သိမ်းငှက်သူရဲကောင်း" (အပိုင်း-၃၁)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

**ပြည်ထောင်စုမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၁/၂၀၀၅**
**၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်**
**(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

**ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိ ဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လုညဲ့ ဓမ္မကထိကနှင့် ပြည်ပသာသနာပြု ပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်ပါသည်—**

## အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကဝိန္ဒ
မဟာဇောတိကာရာမကျောင်းတိုက်
စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တသောဘဏ
ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက်
ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

## တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသ၊ နိကာယ်စာသင်တိုက်၊ ပုလဲရတနာလမ်း၊ (၁၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။
၂။ ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ တိပိဋကနိကာယ ကျောင်းတိုက်၊မိုးမိတ်ကုန်းမြေ၊ စစ်ကိုင်းတောင်ရိုး၊ စစ်ကိုင်းတိုင်း။

## အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုန္ဒာစက္က၊ ပရိယတ္တိသာသနဟိမာန်အောင်ကျောင်းတိုက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဘဒ္ဒန္တသူရိယ၊ မဟာဝိဇ္ဇာသိပ္ပံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တသီလဝံသ၊ ထားဝယ်ရိပ်သာကျောင်းတိုက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်း။
၄။ ဘဒ္ဒန္တစန္ဒိမာ၊ ဘိုးဦးစိန်ကျောင်းတိုက်၊ ဘိုးဦးစိန်ရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း။
၅။ ဘဒ္ဒန္တကောသလ္လ၊ သုခကာရီ မွန်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၆။ ဘဒ္ဒန္တသိရိန္ဒ၊ သာသနာ့မဏ္ဍိုင်ကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၇။ ဘဒ္ဒန္တအဂ္ဂိသရိယာဘိဝံသ၊ မဟာဝိဇယာရာမတိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။
၈။ ဘဒ္ဒန္တဝိသုဒ္ဓ၊ မြို့မစာသင်တိုက်၊ ဂန့်ဂေါမြို့၊ မကွေးတိုင်း။
၉။ ဘဒ္ဒန္တသုဘောဂ၊ မဲထီးစာသင်တိုက်၊ ဟံသာဝတီကျေးရွာ၊ အင်းဝမြို့၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်း။
၁၀။ ဘဒ္ဒန္တကုန္ဒက၊ သဒ္ဓမ္မဝံသာရုံ (နဂါးရုံ)ကျောင်းတိုက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။
၁၁။ ဘဒ္ဒန္တနာဂိန္ဒာဘိဝံသ၊ မြတောင်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၁၂။ ဘဒ္ဒန္တပညာဇောတာဘိဝံသ၊ ပတ္တမြားကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၃။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ မြစေတီကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၁၄။ ဘဒ္ဒန္တဓမ္မပိယ၊ မဟာပညာသီဟာရာမစာသင်တိုက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်။
၁၅။ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ၊ မဟာဗောဓိကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၆။ ဘဒ္ဒန္တဝါသေဋ္ဌ၊ ဖက်ပင်အိုင်ကျောင်းတိုက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၇။ ဘဒ္ဒန္တကောသလာဘိဝံသ၊ စလင်းကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၈။ ဘဒ္ဒန္တကုမာရ၊ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၊ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၉။ ဘဒ္ဒန္တဉာဏသမ္ဘာရ၊ ပိဋကတ်ရှမ်းဘာသာပြန်ကျောင်း၊ ပင်လုံ၊ လွိုင်လင်မြို့၊ ရှမ်းပြည်နယ်။
၂၀။ ဘဒ္ဒန္တနန္ဒမာလာ၊ ရတနာအုတ်ကျောင်းတိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

**ပြည်ပဆရာတော်**

၂၁။ ဘဒ္ဒန္တကေသဝ၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ ချီကာဂိုမြို့၊ အီလီနွိုက်ပြည်နယ်၊ အမေရိကန်ပြည်ထောင်စု၊ အမေရိကန်နိုင်ငံ။

## မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒသူရိယ၊ အောင်စကြာကျောင်း၊ သရက်တောကျောင်းတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။

## ဓမ္မကထိကဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကုသလဗုဒ္ဓိ၊ အသောကာရာမတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၂။ ဘဒ္ဒန္တဝါယာမ၊ ငါးထပ်ကြီးကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဘဒ္ဒန္တသောဘဏ၊ ရွှေမြင့်မိုရ်ကျောင်း၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ (၅) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

## အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒိမာ၊ ဇေယျာသုခဝါဆိုကျောင်းတိုက်၊ မိုးညှင်းမြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တပညာဝံသ၊ ဥတ္တရာရုံကျောင်းတိုက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။
၃။ ဘဒ္ဒန္တကဝိသာရ၊ ဝေဇယန္တာကျောင်း၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၄။ ဘဒ္ဒန္တပညာသိရီ၊ ဇေယျာသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၅။ ဘဒ္ဒန္တဝရသမ္ဘောဓိ၊ မဟာဓမ္မာရုံကျောင်းတိုက်၊ ချောင်းဦးမြို့၊ စစ်ကိုင်းတိုင်း။
၆။ ဘဒ္ဒန္တမဟောသဓပဏ္ဍိတ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၇။ ဘဒ္ဒန္တသုပါကဋာဘိဝံသ၊ ရွှေဘိုကြီးစာသင်တိုက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။
၈။ ဘဒ္ဒန္တဇောတိက၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၉။ ဘဒ္ဒန္တဓမ္မပါလ၊ အောင်မြေသာယာကျောင်းတိုက်၊ ရေစကြိုမြို့၊ မကွေးတိုင်း။
၁၀။ ဘဒ္ဒန္တနန္ဒသိရီ၊ နန္ဒာအေးကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၁၁။ ဘဒ္ဒန္တပဏ္ဍိတ၊ နေမင်းကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၁၂။ ဘဒ္ဒန္တစိန္တိတ၊ ရေသဖန်းပရိယတ္တိစာသင်တိုက်၊ တံတားဦးမြို့၊ မန္တလေးတိုင်း။
၁၃။ ဘဒ္ဒန္တကုမာရ၊ ဇေယျာသိန်ကျောင်း၊ကိုးဆောင်ကျောင်းတိုက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။
၁၄။ ဘဒ္ဒန္တဇဝန၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၅။ ဘဒ္ဒန္တထေရာဝံသ၊ သီရိမင်္ဂလာငွေချိုကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၆။ ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ၊ မင်္ဂလာသီရိအုတ်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၁၇။ ဘဒ္ဒန္တဇဋိလ၊ စိတ္တပါလဂူကျောင်းတိုက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။
၁၈။ ဘဒ္ဒန္တကုဒ္ဒိကာဘိဝံသ၊ မှန်ကင်းပဇ္ဇောတာရုံကျောင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၉။ ဘဒ္ဒန္တပါလိတ၊ ခတ်တော်တိုက်ကျောင်းသစ်၊ ကမာဝက်ရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။
၂၀။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ဝိသုဒ္ဓါရာမကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၂၁။ ဘဒ္ဒန္တပုပ္ဖရမ္မ၊ မွန်ပရိယတ္တိစာသင်တိုက်၊ ကျုံဝမ်းကျေးရွာ၊ ကျိုက်မရောမြို့နယ်၊ မွန်ပြည်နယ်။
၂၂။ ဘဒ္ဒန္တကုန္ဒသိရီ၊ ဖာလဇေတဝန်ကျောင်း၊ ရေးမြို့၊ မွန်ပြည်နယ်။
၂၃။ ဘဒ္ဒန္တဇနိန္ဒ၊ ရတနာ့ဗိမာန်ကျောင်းတိုက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်။
၂၄။ ဘဒ္ဒန္တပညာဝံသ၊ မြို့မအလယ်ပရိယတ္တိစာသင်တိုက်၊ အရှေ့ပိုင်းရပ်၊ ကျောက်ဖြူမြို့၊ ရခိုင်ပြည်နယ်။
၂၅။ ဘဒ္ဒန္တကုသလ၊ မင်းကျောင်း ပထမပြန်ပရိယတ္တိစာသင်တိုက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၆။ ဘဒ္ဒန္တသုမနာနန္ဒ၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၇။ ဘဒ္ဒန္တဂုဏိကာဘိဝံသ၊ ကံသုံးဆင့်ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။
၂၈။ ဘဒ္ဒန္တပဏ္ဍိတဘာတိကာဘိဝံသ၊ ဘုရားဖြူကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။
၂၉။ ဘဒ္ဒန္တပညာဝံသ၊နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၀။ ဘဒ္ဒန္တထေရိန္ဒ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၁။ ဘဒ္ဒန္တသီလဝံသာဘိဝံသ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၂။ ဘဒ္ဒန္တပညာဝံသ၊ ကန်ကြီးပရိယတ္တိစာသင်တိုက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။
၃၃။ ဘဒ္ဒန္တပညာဇောတ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်း။
၃၄။ ဘဒ္ဒန္တဝါယမသာမိ၊ ဓမ္မသိပ္ပံစာသင်တိုက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်း။
၃၅။ ဘဒ္ဒန္တဝိမလာဘိဝံသ၊ရွှေတောင်မော်သိမ်တော်ကျောင်းတိုက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်း။
၃၆။ ဘဒ္ဒန္တဉာဏုတ္တရ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။
၃၇။ ဘဒ္ဒန္တကောဝိဒ၊ ကမ်းနားကျောင်းပရိယတ္တိစာသင်တိုက်၊ မော်လမြိုင်ကျွန်းမြို့၊ ဧရာဝတီတိုင်း။
၃၈။ ဘဒ္ဒန္တဝိသုဒ္ဓါစာရ၊ ဘုရားကြီးကျောင်းတိုက်၊ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

**သီလရှင်ဆရာကြီးများ**

၃၉။ ဒေါ်ဉာဏီသရီ၊ မင်းကွန်းရှားပင်တိုက်သစ်၊ သီလရှင်စာသင်တိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၄၀။ ဒေါ်ပညာသိဂီ၊ သိဂီရတနာ သီလရှင်စာသင်တိုက်၊ တပ်ကုန်းမြို့၊ မန္တလေးတိုင်း။
၄၁။ ဒေါ်ပညာဝတီ၊ မြဝတီသီလရှင်စာသင်တိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။
၄၂။ ဒေါ်ကုသလစာရီ၊ သုဝဏ္ဏဘူမိခေမာရာမသီလရှင်စာသင်တိုက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်း။

## မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဝိသုဒ္ဓ၊ ခေမာသိဝံ ပရိယတ္တိစာသင်တိုက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တသောဘိတ၊ မွန်ပရိယတ္တိစာသင်တိုက်၊ မြဝတီမြို့၊ ကရင်ပြည်နယ်။
၃။ ဘဒ္ဒန္တသူရိယ၊ လက်ပန်ကုန်းကျောင်းတိုက်၊ အင်းတော်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၄။ ဘဒ္ဒန္တပညာနန္ဒာဘိဝံသ၊ မဟာသန္တာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၅။ ဘဒ္ဒန္တကုမာရ၊မဟာဓမ္မာရုံကျောင်းတိုက်၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်း။
၆။ ဘဒ္ဒန္တပညာဝံသ၊ရန်ကင်းပရိယတ္တိစာသင်တိုက်၊မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၇။ ဒေါက်တာဘဒ္ဒန္တသြသဓသာရ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။
၈။ ဘဒ္ဒန္တတေဇောဘာသ၊ တောကျောင်းပရိယတ္တိစာသင်တိုက်၊ မြိတ်မြို့၊ တနင်္သာရီတိုင်း။
၉။ ဘဒ္ဒန္တတိသာသန၊ သာသနသောဘဏိကာရုံကျောင်းတိုက်၊ပြွန်တန်ဆာမြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။
၁၀။ ဘဒ္ဒန္တဇယန္တ၊ မြို့မပရိယတ္တိစာသင်တိုက်၊ သနပ်ပင်မြို့၊ ပဲခူးတိုင်း။
၁၁။ ဘဒ္ဒန္တစန္ဒောဘာသ၊ မြို့မစာသင်တိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၁၂။ ဘဒ္ဒန္တခေမာစာရ၊ ကန်ကလေးတောရကျောင်းတိုက်၊ အုတ်တွင်းမြို့၊ ပဲခူးတိုင်း။
၁၃။ ဘဒ္ဒန္တဇာဂရ၊ ဥတ္တရာရာမမြောက်ကျောင်း၊ ညောင်လေးပင်မြို့၊ ပဲခူးတိုင်း။
၁၄။ ဘဒ္ဒန္တဂန္ဓမာ၊ ပန်းငွေရုံတောရကျောင်းတိုက်၊ မဒေါက်မြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။
၁၅။ ဘဒ္ဒန္တစိန္တိတ၊ တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၁၆။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ကံဦးပရိယတ္တိစာသင်တိုက်၊ ပေါင်းတလည်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၁၇။ ဘဒ္ဒန္တပဉ္ဉောဘာသ၊ မဟာထူပါရုံစာသင်တိုက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၁၈။ ဘဒ္ဒန္တပညာစက္က၊ပညာစက္ကာရာမစာသင်တိုက်၊ မကွေးမြို့၊ မကွေးတိုင်း။
၁၉။ ဘဒ္ဒန္တအရိယဝံသ၊ မဟာဝိသုတာရာမ အလယ်တိုက်၊ ပခုက္ကူမြို့၊ မကွေးတိုင်း။
၂၀။ ဘဒ္ဒန္တဥတ္တမ၊ အောင်မြေသာယာဝန်မင်းကြီးကျောင်းတိုက်၊ ရေစကြိုမြို့၊ မကွေးတိုင်း။
၂၁။ ဘဒ္ဒန္တဝိစိတ္တ၊ အသောကာရုံကျောင်းတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၂၂။ ဘဒ္ဒန္တရေဝတ၊ မြို့ဦးပရိယတ္တိစာသင်တိုက်၊ မြစ်သားမြို့၊ မန္တလေးတိုင်း။
၂၃။ ဘဒ္ဒန္တဝိလာသဂ္ဂ၊ ကျွန်းဦးစာသင်တိုက်၊ ဓိးကုန်းကျေးရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်း။
၂၄။ ဘဒ္ဒန္တကုသလ၊ မင်္ဂလာရာမရွှေဘိုကျောင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၅။ ဘဒ္ဒန္တဝိမလဗုဒ္ဓိ၊ ပါဠိတက္ကသိုလ်မင်္ဂလာဇေယျုံကျောင်းတိုက်၊ ပျဉ်းမနားမြို့၊ မန္တလေးတိုင်း။
၂၆။ ဘဒ္ဒန္တထုတိဝရ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၇။ ဘဒ္ဒန္တပညာသာရ၊ မြို့ကန်ဦး ပရိယတ္တိစာသင်တိုက်၊ ပျော်ဘွယ်မြို့၊ မန္တလေးတိုင်း။
၂၈။ ဘဒ္ဒန္တထေရိယ၊ သိမ်ကျောင်း၊ အနောက်ခင်မကန်ကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂၉။ ဘဒ္ဒန္တနန္ဒာစာရ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၃၀။ ဘဒ္ဒန္တသိရိနာဂိန္ဒာဘိဝံသ၊ မင်းကျောင်းစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၃၁။ ဘဒ္ဒန္တနန္ဒက၊ မဟာရင်ပရိယတ္တိစာသင်ကျောင်းတိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၃၂။ ဘဒ္ဒန္တကုန္ဒာစရိယ၊ ဂျုံးဂျုံးကျတောရစာသင်တိုက်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။
၃၃။ ဘဒ္ဒန္တသာသန၊ မကျည်းကျွန်းမြောက်ကျောင်း၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်။
၃၄။ ဘဒ္ဒန္တနာဂိန္ဒ၊ ပညာလင်္ကာရကျောင်းတိုက်၊ ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၃၅။ ဘဒ္ဒန္တပညာသီဟ၊ အိုးဘိုကျောင်းပရိယတ္တိစာသင်တိုက်၊ သရက်တောတိုက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်း။
၃၆။ ဘဒ္ဒန္တသုမနာဘိဝံသ၊ ကျောင်းတော်ရာရွှေကျင်ကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၇။ ဘဒ္ဒန္တကုန္ဒက၊ မင်္ဂလသုခပါဠိတက္ကသိုလ်ကျောင်းတိုက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။
၃၈။ ဘဒ္ဒန္တလက္ခဏ၊ ဝဲပုံပရိယတ္တိစာသင်တိုက်၊ ငါးထပ်ကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၉။ ဘဒ္ဒန္တစက္ကိန္ဒာဘိဝံသ၊ ရွှေဟင်္သာ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄၀။ ဘဒ္ဒန္တဥတ္တရ၊ ဇေယျာဝတီပရိယတ္တိစာသင်တိုက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၁။ ဘဒ္ဒန္တကောသလ္လာဘိဝံသ၊ ဓမ္မိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၂။ ဘဒ္ဒန္တဇာဂရ၊ မြသိန်းတန်ကျောင်းတိုက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။
၄၃။ ဘဒ္ဒန္တကုဏ္ဍလ၊ အလယ်တောရစံပြကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✧

✧ စာမျက်နှာ ၄ မှ

၄၄။ ဘဒ္ဒန္တစန္ဒဝရ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၅။ ဘဒ္ဒန္တကုဏ္ဍောဘာသာဘိဝံသ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၆။ ဘဒ္ဒန္တသုမန၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၇။ ဘဒ္ဒန္တဉာဏိဿရ၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၄၈။ ဘဒ္ဒန္တဝိဇ္ဇာနန္ဒ၊ ပထမတောင်ကျောင်းကြီးကျောင်းတိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၄၉။ ဘဒ္ဒန္တသိရိန္ဒ၊ ဆမ္မဆယ်ကျောင်းတိုက်၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။

၅၀။ ဘဒ္ဒန္တခေမိန္ဒာစာရ၊ စတုဘုမ္မိက ပရိယတ္တိစာသင်တိုက်၊ ဒေးဒရဲမြို့၊ ဧရာဝတီတိုင်း။

၅၁။ ဘဒ္ဒန္တဉာဏိန္ဒာဘိဝံသ၊ ပရိယတ္တိမင်းကျောင်းတိုက်၊ မအူပင်မြို့၊ ဧရာဝတီတိုင်း။

## သီလရှင်ဆရာကြီးများ

၅၂။ ဒေါ်ခမ္မေသီ၊ သမိဒ္ဓေါဒယချောင်၊ ဖွားဘုရားကြီးတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၅၃။ ဒေါ်တိက္ခဝတီ၊ မဟာလယ်တီခမ္မေသက သီလရှင်စာသင်တိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၅၄။ ဒေါ်စန္ဒဝတီ၊ ပညာရာမသီလရှင်စာသင်တိုက်၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

## ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တခေမိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၊ သာသနာ့အလင်းရောင် ပရိယတ္တိစာသင်တိုက်၊ မင်းတပ်မြို့၊ ချင်းပြည်နယ်။

၂။ ဘဒ္ဒန္တဝိစိတ္တ၊ ဒယူးပရိယတ္တိစာသင်တိုက်၊ ဗန်းမောက်မြို့၊ စစ်ကိုင်းတိုင်း။

၃။ ဘဒ္ဒန္တစန္ဒိမာ၊ ဇေယျဝတီကျောင်းတိုက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၄။ ဘဒ္ဒန္တတေဇိန္ဒ၊ ကြခတ်ပိုင်းကျောင်းတိုက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၅။ ဘဒ္ဒန္တဝဏ္ဏိတာလင်္ကာရ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၆။ ဘဒ္ဒန္တသောမင်္ဂ၊ ပြည်သာအေးကျောင်း၊ မဟာဝိဇိတာရာမတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။

၇။ ဘဒ္ဒန္တဥတ္တရ၊ ဓမ္မစေတီ မွန်ပရိယတ္တိစာသင်တိုက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၈။ ဘဒ္ဒန္တပညာဝံသ၊ ရွှေဖောင်တင် ပရိယတ္တိစာသင်တိုက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်။

၉။ ဘဒ္ဒန္တသြဘာသ၊ မော်ကျွန်းကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၁၀။ ဘဒ္ဒန္တနန္ဒသိရီ၊ ကျောင်းကြီးကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၁၁။ ဘဒ္ဒန္တအာဒိစ္စ၊ ကံလှပရိယတ္တိစာသင်တိုက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း။

၁၂။ ဘဒ္ဒန္တခန္တီဓဇ၊ ဆင်တွဲူးကျောင်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

၁၃။ ဘဒ္ဒန္တသံဝရ၊ မင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း။

၁၄။ ဘဒ္ဒန္တတိက္ခဉာဏ၊ သီရိမင်္ဂလာကန်ဦးကျောင်း၊ ပရိယတ္တိစာသင်တိုက်၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။

## သီလရှင်ဆရာကြီးများ

၁၅။ ဒေါ်ကညဝတီ၊ သုခိတာရုံသီလရှင်စာသင်တိုက်၊ ပြည်တော်သာရပ်ကွက်၊ ဟားခါးမြို့၊ ချင်းပြည်နယ်။

၁၆။ ဒေါ်ပုညကာရီ၊ သာသနောဒယကျောင်းတိုက်၊ သောတာပန်ရပ်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်း။

၁၇။ ဒေါ်သုစိန္တီ၊ ရတနာပုံစံသီလရှင် စာသင်တိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။

၁၈။ ဒေါ်နန္ဒသိင်္ဂီ၊ သုံးပန်လှအောင်သော်တာ သီလရှင်စာသင်တိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်း။

## အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာဝံသ၊ ကောသလ္လာရာမကျောင်းတိုက်၊ ထိုမာကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၂။ ဘဒ္ဒန္တဝိဇယာဘိဝံသ၊ သာသနာ့မာရ်အောင်ဝဲပုံစာသင်တိုက်၊ ဒိုင်းဝန်းကွင်း ရှမ်းစုရပ်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။

၃။ ဘဒ္ဒန္တသုမနသာဂရ၊ မြန်မာကန္ဒီကျောင်းတိုက်၊ အမှတ်(၉၄) ရပ်ကွက်၊ သီဟိုလမ်း၊ ယုဇနဥယျာဉ်မြို့တော်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်း။

၄။ ဘဒ္ဒန္တဝါယာမိန္ဒ၊ အသောကကျောင်း၊ ခြောက်ထပ်ကြီးကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၅။ ဘဒ္ဒန္တဝိလာသာဘိဝံသ၊ သာသနာ့ဝိပုလ ရွှေဂူစာသင်တိုက်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။

## ပြည်ပဆရာတော်

၆။ ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ၊ Dhammananda Vihara, 1745050 Cabrilla HWY; Half Moon Bay, USA၊ အမေရိကန်နိုင်ငံ။

## အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တ ခမ္မိက၊ မြို့မကျောင်း၊ မောရဝတီရပ်ကွက်၊ မန်စီမြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တဝိဇ္ဇောတိက၊ ထူပါရာမကျောင်းတိုက် (ဇာသပြင်အနောက်)၊ ကော့ကျိုက်ကျေးရွာ၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်။

၃။ ဘဒ္ဒန္တပညိန္ဒ၊ မှန်ကျောင်းတိုက်၊ ရွှေစုံရွာ၊ မအူကျေးရွာအုပ်စု၊ မုံရွာမြို့နယ်၊ စစ်ကိုင်းတိုင်း။

၄။ ဘဒ္ဒန္တဇနိန္ဒ၊ အောင်မြေရွှေသာကျောင်းတိုက်၊ အောင်သာကျေးရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၅။ ဘဒ္ဒန္တနာဂိန္ဒ သာသနာ့မဏ္ဍိုင် ဂန္ဓမာရုံကျောင်းတိုက်၊ နောက်ပကျစ်ရပ်ကွက်၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။

၆။ ဘဒ္ဒန္တဇနိတ၊ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ သလ္လာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။

၇။ ဘဒ္ဒန္တနာရဒ၊ နာရဒါရာမတိုက်ကျောင်း၊ ကဒက်ငယ်ထိန်ရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။

၈။ ဘဒ္ဒန္တဥတ္တမ၊ ကွင်းလျားရှည်ကျောင်းတိုက်၊ ကွင်းလျားရှည်ကျေးရွာ၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်း။

၉။ ဘဒ္ဒန္တခန္တီသာရ၊ ဓမ္မာစရိယတက္ကသိုလ်စာသင်တိုက်၊ (၃)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၁၀။ ဘဒ္ဒန္တကေလာသ၊ ကန်သာကျောင်းတိုက်၊ သုံးခွကျေးရွာ၊ ဒိုက်ဦးမြို့နယ်၊ ပဲခူးတိုင်း။

၁၁။ ဘဒ္ဒန္တကုသလ၊ ဝေဇယန္တာကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၂။ ဘဒ္ဒန္တဝိလာသ၊ ငါးကြီးကွေ့ကျောင်းတိုက်၊ ငါးကြီးကွေ့ကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်း။

၁၃။ ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ၊ ရတနာဂုဏ်မြင့်ကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။

၁၄။ ဘဒ္ဒန္တပညာဇောတ၊ ကိုယ်ကြီးမြှုပ်ကျောင်းတိုက်၊ ကိုယ်ကြီးမြှုပ်ကျေးရွာ၊ ကွေ့တက်အုပ်စု၊ ဆင်မြီးဆွဲမြို့၊ သဲကုန်းမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၅။ ဘဒ္ဒန္တဝိလာသ၊ သာဝတ္ထိတောရကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၆။ ဘဒ္ဒန္တပဏ္ဍိတ၊ သုံးထပ်ကျောင်းတိုက်၊ သာယာကုန်းကျေးရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။

၁၇။ ဘဒ္ဒန္တကေလာသ၊ ဆယ်ပင်စုကျောင်းတိုက်၊ ဆယ်ပင်စုရွာ၊ ဖလံအိုအုပ်စု၊ ပခုက္ကူမြို့နယ်၊ မကွေးတိုင်း။

၁၈။ ဘဒ္ဒန္တကုမာရ၊ ကျောင်းမကျောင်းတိုက်၊ ဆင်ခြေရာကျေးရွာ၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်း။

၁၉။ ဘဒ္ဒန္တပညိန္ဒ၊ ရတနာဘုမ္မိတိုက်၊ ပခန်းကြီးမြို့ဟောင်း၊ ရေစကြိုမြို့နယ်၊ မကွေးတိုင်း။

၂၀။ ဘဒ္ဒန္တနန္ဒိယ၊ ကင်းရွာကျောင်း၊ ကင်းကျေးရွာ၊ ကံမမြို့နယ်၊ မကွေးတိုင်း။

၂၁။ ဘဒ္ဒန္တဝိစိတ္တဉာဏ၊ ရွှေရောင်တော်ဘုရားကြီးကျောင်းတိုက်၊ လက်ပံရှည်အုပ်စု၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်း။

၂၂။ ဘဒ္ဒန္တသောဘိတ၊ ကုန်းသာကန်ဦးကျောင်းတိုက်၊ ကုန်းသာကျေးရွာ၊ ညာဂမိုးအုပ်စု၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်း။

၂၃။ ဘဒ္ဒန္တယသ၊ ခေမာသီဝံကျောင်းတိုက်၊ ကဒါကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်။

၂၄။ ဘဒ္ဒန္တတိက္ခ၊ ဝိဝေကာဝါသကျောင်းတိုက်၊ တောင်စွန်းရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၂၅။ ဘဒ္ဒန္တပညာဇောတ၊ ပညာဇောတာရုံကျောင်းတိုက်၊ ဇီးပင်ကြီးကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်း။

၂၆။ ဘဒ္ဒန္တအာစာရ၊ ရွှေတင်းခြင်ကျောင်း၊ တန့်ဇင်တော်ကျေးရွာ၊ အင်ဒိုင်းအုပ်စု၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်း။

၂၇။ ဘဒ္ဒန္တတိတ္တိ၊ ဇေယျာလင်္ကာရ ပရိယတ္တိကျောင်း၊ မြင်းခြံမြို့၊ မန္တလေးတိုင်း။

၂၈။ ဘဒ္ဒန္တမေဓာဝိလင်္ကာရ၊ အောင်ရတနာကျောင်း၊ ကျောက်တံခါးတောရကျောင်းတိုက်၊ ဝန်ဇင်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်း။

၂၉။ ဘဒ္ဒန္တဝိမလ၊ မြရတနာကျောင်းတိုက်၊ မြပြင်ကျေးရွာ၊ သံတွဲမြို့နယ်၊ ရခိုင်ပြည်နယ်။

၃၀။ ဘဒ္ဒန္တကောဝိဒ၊ ချောင်းဖျားကြီးကျောင်းတိုက်၊ ချောင်းဖျားကြီးကျေးရွာ၊ ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်။

၃၁။ ဘဒ္ဒန္တပညိန္ဒ၊ ရတနာသစ်ကျောင်း၊ စလင်းကျောင်းတိုက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၂။ ဘဒ္ဒန္တကုန္ဒကာဇီဝ၊ စတုဘုမ္မိက မင်္ဂလာရိပ်သာကျောင်း၊ ထန်းပင်ကုန်းရပ်ကွက်၊ ဗိုလ်ချုပ်ရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၃။ ဘဒ္ဒန္တတိလောက၊ ဇေယျမင်္ဂလာကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၄။ ဘဒ္ဒန္တဝိသုတ၊ ဓမ္မသီတဂူအေးရွာ ကျောင်းတိုက်၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း။

၃၅။ ဘဒ္ဒန္တဇဝနသိဒ္ဓိ၊ နတ်မောက်ဝိဇ္ဇာသိပ္ပံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။

၃၆။ ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

၃၇။ ဘဒ္ဒန္တကုန္ဒက၊ ၉၄၊ မြသိန်းတန်ကျောင်းတိုက်၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၈။ ဘဒ္ဒန္တကုမာရ၊ ဇေယျသိဒ္ဓိမဟာသံ့သာရဘုရားကျောင်း၊ ဘိုကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

၃၉။ ဘဒ္ဒန္တဝိစိတ္တ၊ ရန်အောင်မြင်ကျောင်းတိုက်၊ (၁)ရပ်ကွက်၊ လားရှိုးမြို့၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)။

၄၀။ ဘဒ္ဒန္တသုရိယ၊ မြင်းကကျောင်း၊ မြင်းကရွာ၊ လွယ်အံကျေးရွာအုပ်စု၊ ကလောမြို့နယ်၊ တောင်ကြီးခရိုင်၊ ရှမ်းပြည်နယ်။

၄၁။ ဘဒ္ဒန္တဒေဝိန္ဒ၊ နားထွမ်ကျောင်းတိုက်၊ ဝမ်းချင်းကျေးရွာအုပ်စု၊ ကျေးသီးမြို့နယ်၊ ရှမ်းပြည်နယ်။

၄၂။ ဘဒ္ဒန္တဇောတိက၊ ဟိုခုံပရိယတ္တိစာသင်တိုက်၊ အမှတ်(၃)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။

၄၃။ ဘဒ္ဒန္တစန္ဒောဘာသ၊ ခမ္မိကပုပ္ဖာရုံကျောင်းတိုက်၊ ကတ်တောင်ရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။

၄၄။ ဘဒ္ဒန္တပညာဝရ၊ တိုက်သစ်ကျောင်းတိုက်၊ မဲဇလီကျေးရွာ၊ လေးမျက်နှာမြို့နယ်၊ ဧရာဝတီတိုင်း။

၄၅။ ဘဒ္ဒန္တဉာဏဒီပ၊ သိုက်ကုန်းကျောင်းတိုက်၊ သိုက်ကုန်းကျေးရွာ၊ မအူပင်မြို့နယ်၊ ဧရာဝတီတိုင်း။

၄၆။ ဘဒ္ဒန္တပညာစက္က၊ သာသနပါလသာသနာပြုဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ကြီးတောရွာ၊ ကျောင်းကုန်းမြို့နယ်၊ ဧရာဝတီတိုင်း။

၄၇။ ဘဒ္ဒန္တကုဏ္ဍလ၊ စိန်ပန်းကျောင်းတိုက်၊ မြောက်ပိုင်းရပ်ကွက်၊ ငပုတောမြို့၊ ဧရာဝတီတိုင်း။

၄၈။ ဘဒ္ဒန္တဝိသုတ၊ နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက်၊ အမှတ်(၂)ရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း။

## ပြည်ပဆရာတော်ကြီးများ

၄၉။ ဘဒ္ဒန္တသုဗောဒါနန္ဒ၊ ဂဏမဟာဝိဟာရကျောင်း၊ ကတ္တမန္ဒူမြို့၊ နီပေါနိုင်ငံ။

၅၀။ Ven. Rajguru Aggravamsa Mahathero' Parbatya Bhikkhu Sagha Chakma Rag Bihara, Rangamati Hill Tracts ဘင်္ဂလားဒေ့ရှ်နိုင်ငံ။

၅၁။ ဘဒ္ဒန္တဉာဏိက၊ မန္တလေးကျောင်းတိုက်၊ မဲဟောင်ဆွန်ခရိုင်၊ မဲစရီယန်မြို့၊ ထိုင်းနိုင်ငံ။

၅၂။ Ven. Charum VACIRARANSY! Phonphranao Temple Xaisetha, District, Lao PDR. လာအိုနိုင်ငံ။

၅၃။ Ven.Wanduragala Sri Rathnajothi Nayaka Thero၊ Asgirimaha Viharahaya Udugama Pansala ကျောင်းတိုက်၊ သီရိလင်္ကာနိုင်ငံ။

၅၄။ ဘဒ္ဒန္တဉာဏိဿရ၊ မြန်မာကျောင်း၊ ဗုဒ္ဓနာဂရီရပ်ကွက်၊ ကုသိနာရုံမြို့၊ ယူပီပြည်နယ်၊ အိန္ဒိယနိုင်ငံ။

## မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တကောဝိဒ၊ ဖားပြင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။

၂။ ဘဒ္ဒန္တကဝိသာရ၊ မစိုးရိမ်ကျောင်း၊ ဆန်းကြွယ်ကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။

၃။ ဘဒ္ဒန္တသိရိန္ဒာစာရ၊ ငွေတောင်ကျောင်း၊ ငွေတောင်ပြည်ပရိယတ္တိစာသင်တိုက်၊ ငွေတောင်စံပြကျေးရွာ၊ ဒီမောဆိုမြို့နယ်၊ လွိုင်ကော်ခရိုင်၊ ကယားပြည်နယ်။

၄။ ဘဒ္ဒန္တနန္ဒိယ၊ တပူထိုကျောင်းကြီး၊ တပူထိုကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်။

၅။ ဘဒ္ဒန္တဝဏ္ဏသိရီ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ တီးတိန်မြို့၊ ချင်းပြည်နယ်။

၆။ ဘဒ္ဒန္တဥတ္တရဗုဒ္ဓိ၊ သီရိမင်္ဂလာကျောင်း (ဖွားစောတောင်ကျောင်း) ဖွားစောရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၇။ ဘဒ္ဒန္တနေမိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တိန်းအင်ကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၈။ ဘဒ္ဒန္တပညာဇောတ၊ ကံသာကျောင်းတိုက်၊ မင်းရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၉။ ဘဒ္ဒန္တတေဇိန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ဂဟုန်းကျေးရွာ၊ လဟယ်မြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၀။ ဘဒ္ဒန္တဓမ္မာနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဘုက္ကန်ကျေးရွာ၊ တမူးမြို့နယ်၊ စစ်ကိုင်းတိုင်း။

၁၁။ ဘဒ္ဒန္တကုဿရိယ၊ အောင်ချမ်းသာကျောင်းတိုက်၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။

၁၂။ ဘဒ္ဒန္တဝိမလ၊ ဇဟာကျောင်းတိုက်၊ ဇဟာကျေးရွာ၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်း။

၁၃။ ဘဒ္ဒန္တဥတ္တံသ၊ ဥတ္တရာရုံကျောင်းတိုက်၊ အိုးဘိုကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။

၁၄။ ဘဒ္ဒန္တဥတ္တရ၊ ဒက္ခိဏာရုံစာသင်တိုက်၊ ဖြူးမြို့၊ ပဲခူးတိုင်း။

၁၅။ ဘဒ္ဒန္တဝါယမ၊ သရက်ကုန်းကျောင်းတိုက်၊ သရက်ကုန်းကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်း။

၁၆။ ဘဒ္ဒန္တတေဇဝန္တ၊ အေးစေတီကျောင်းတိုက်၊ ကျောက်ကြီးစု၊ ပဲခူးမြို့၊ ပဲခူးတိုင်း။

၁၇။ ဘဒ္ဒန္တဉာဏိန္ဒာစာရ၊ စန္ဒာရုံကျောင်းတိုက်၊ ဆင်စုရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၁၈။ ဘဒ္ဒန္တဓမ္မသာမိ၊ ညောင်ပင်သာကျောင်းတိုက်၊ ညောင်ပင်သာကျေးရွာ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

၁၉။ ဘဒ္ဒန္တကေလာသ၊ ရာဇမုနိတောင်ပေါ်ကျောင်း၊ ရွှေကင်းရပ်ကွက်၊ မကွေးမြို့၊ မကွေးတိုင်း။

၂၀။ ဘဒ္ဒန္တစန္ဒိမာ၊ ဆုတောင်းပြည့်ကျောင်း၊ ဇီးဖြူကောင်းကျေးရွာ၊ သံဖိုကြီးကျေးရွာအုပ်စု၊ မြိုင်မြို့နယ်၊ မကွေးတိုင်း။

၂၁။ ဘဒ္ဒန္တသောဘဏ၊ တောရစာသင်တိုက်၊ ပေါက်တောကျေးရွာ၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၂၂။ ဘဒ္ဒန္တစန္ဒဝံသ၊ ခဲမောက်ကျောင်း၊ ခဲမောက်ရွာ၊ ဒေါက်ရပ်ကျေးရွာအုပ်စု၊ ဘီးလင်းမြို့နယ်၊ မွန်ပြည်နယ်။

၂၃။ ဘဒ္ဒန္တစန္ဒိမာဓဇ၊ သုစရိတာရာမကျောင်း၊ ကျုံကဒါတ်(စံပြကျေးရွာ) သံဖြူဇရပ်မြို့နယ်၊ မွန်ပြည်နယ်။

၂၄။ ဘဒ္ဒန္တတေဇောဘာသ၊ ကျောင်းသစ်ပရိယတ္တိစာသင်တိုက်၊ ပညာလင်္ကာရတိုက်ကျောင်း၊ အမှတ်(၃)တန်းမြင့်ကျောင်းရပ်ကွက်၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✡

# နယ်ချဲ့လက်အောက် ကျရောက်ခဲ့စဉ်က အတွေ့အကြုံများ ပြန်လည်ပြောပြသည့် အသက်(၁၀၀)ပြည့် ဘွားအိမ်ပြည့်

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

**တွေ့ဆုံမေးမြန်း – ရွှေတင်အုန်း**
**ဓာတ်ပုံမှတ်တမ်း–ဌေးအောင်(ကြေးမုံ)**

မြန်မာနိုင်ငံသည် (၁၉)ရာစုနှစ်အတွင်း နယ်ချဲ့တို့၏ ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲတိုက်ခိုက်သိမ်းပိုက်ခံရမှုကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ဗြိတိသျှကိုလိုနီလက်အောက်ခံဘဝကျရောက်ခဲ့ရသော မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေတို့ကို ကိုယ်တိုင်ကြုံတွေ့ခံစားခဲ့ရသော အသက် (၁၀၀)ပြည့်ပြီဖြစ်သည့် အဘွားအိမ်ပြည့် (ဘွားအိမ်ပြည့်)အား ကြေးမုံသတင်းအဖွဲ့က သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**ကြေးမုံ။** ။ အဘွားအသက်ဘယ်လောက်ရှိပါပြီလဲခင်ဗျာ။

**အဘွားပြည့်။** ။ အဘွားမွေးနေ့က သက္ကရာဇ် ၁၂၆၆ ခုနှစ် နတ်တော်လပြည့်နေ့၊ အခု သက္ကရာဇ်က ၁၃၆၆ ခုနှစ်ဆိုတော့ အသက် (၁၀၀)ရှိနေပါပြီ။

**ကြေးမုံ။** ။ မွေးရပ်မြေဇာတိ သိပါရစေအဘွား။

**အဘွားပြည့်။** ။ မွေးရပ်ဇာတိက မန္တလေးတိုင်း၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဇရျမ်း၊ မြို့ဘရွာမှာမွေးဖွားခဲ့ပါတယ်။

**ကြေးမုံ။** ။ လွတ်လပ်ရေးရစဉ် (၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ ၄ရက်)က အဘွားအသက် ဘယ်လောက်ရှိပါပြီလဲ ခင်ဗျာ။



နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရစဉ်က တွေ့ကြုံခဲ့ရသည့် ဒုက္ခဆင်းရဲများကို ကိုယ်တိုင်လည်း ပြောပြ၊ စာဖြင့်လည်း ဤသို့ မှတ်တမ်းတင်ရေးပြခဲ့သည့် ဘွားအိမ်ပြည့်၏ လက်ရေးမူရင်းကို တွေ့ရစဉ်။

**အဘွားပြည့်။** ။ အဲဒီတုန်းက အဘွားအသက် (၄၃)နှစ်ရှိပါပြီ။

**ကြေးမုံ။** ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီဆိုတော့ ဘယ်လိုများ ခံစားခဲ့ရပါသလဲ အဘွားခင်ဗျာ။

**အဘွားပြည့်။** ။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီဆိုတော့ အဘွားအနေနဲ့ မြန်မာတစ်ပြည်လုံးက ပြည်သူတွေနည်းတူ အလွန်ဝမ်းသာမိပါတယ်၊ အဘွားလွတ်လပ်ရေးရပြီလို့ သိတာ လေးကို အတိုလေး ပြောပြရဦးမယ်၊ လွတ်လပ်ရေးရတဲ့ နေ့မှာ– မြင်းခြံ၊ ဝဲလောင်ရွာကို မောင်တစ်ဝမ်းကွဲက ပြန်လာပြီး ကားလမ်းပေါ်ကနေပြီး–အစ်မရေလွတ်လပ်ရေးရပြီဗျလို့ အော်ပြောလိုက်တော့ အနားမှာရှိတဲ့ ဆွေမျိုးတွေ၊ သူငယ်ချင်း တွေပါကကြ၊ ခုန်ကြတာ၊ ဝမ်းသာလွန်းလို့ မျက်ရည်တွေကျပြီးဟိုပြေးပြောကြ၊ ဒီပြေးပြောကြနဲ့တစ်ရွာလုံးကို ပျော်ကြ၊ ပါးကြဆူညံ နေလို့ပါပဲ။ ဒီကိုလိုနီနယ်ချဲ့တွေကို ဘုရားထူးရ၊ ဆလံပေးရ၊ ဒူးတုပ်ပြီး အရိုအသေပေးရတဲ့ ဒုက္ခများက လွတ်ပြီကျွတ်ပြီလို့ ပြောပြီး အလွန်ဝမ်းသာနေကြပါတယ်။

**ကြေးမုံ။** ။ နယ်ချဲ့လက်အောက်မှာ နေရတုန်းက မြန်မာတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖိနှိပ်ခံရမှုတွေ၊ ကိုယ်တွေ့ဖြစ်ရပ်တွေ၊ အဘွားထက် အသက်ကြီးတဲ့ ဘေးတွေ၊ ဘိတွေရဲ့ ပြောကြားချက်တွေကို ကျွန်တော်တို့ မျိုးဆက်သစ် လူငယ်တွေ သိရအောင် ပြောပြပေးပါလား အဘွားခင်ဗျာ။

**အဘွားပြည့်။** ။ အဘွားရှင်းပြပါ့မယ်။ နယ်ချဲ့အင်္ဂလိပ်တွေအုပ်ချုပ်နေစဉ် မြန်မာတွေကို သူတို့က ကျွန်တွေလိုခိုင်းတယ်။ မြန်မာတွေက ကိုယ့်ထမင်းကိုယ်စားပြီး သူတို့ ခိုင်းတာအားလုံး လုပ်ပေးရပါတယ်။ အရမ်းကို ဖိနှိပ်ချုပ်ချယ် အုပ်ချုပ်ခဲ့ပါတယ်။ သူတို့ဒဏ်ကို မခံနိုင်တော့ဘဲ သတ္တိရှိ၊ မျိုးချစ်စိတ်ဓာတ်ရှိသူတွေအားလုံးစုစည်းပြီး တွန်းလှန်ဖို့ တိုင်ပင်ကြပါတယ်။ သူတို့ကို တွန်းလှန်မယ့်လူတွေကို နယ်ချဲ့တွေက ရှာဖွေပြီး ကပ္ပလီကျွန်းစသည့် ပြန်မလာနိုင်တဲ့ အရပ်တွေကို ဖမ်းဆီးပြီး ပို့ထားကြပါတယ်။ အဲဒီ အချိန်မှာ ရွာထဲကလူတွေအားလုံး တောထဲပြေးရ၊ ရွာပြန်လာရ အေးအေးချမ်းချမ်း မနေရဘဲ အလွန်ပင် ဒုက္ခကြီးစွာ ရောက်ခဲ့ရတယ်လို့ အဘွားပြည့်အမေက ပြောပြလို့ အဘွား အိမ်ပြည့် အလွန်သနားမိပါတယ်။

"ဒါတင်မကပါ။ မြန်မာပြည်က လူတွေက နွားနဲ့တွဲပြီး လုပ်ထားတဲ့စားစရာ မြေပဲမှစ၍ ပဲအမျိုးမျိုး၊ ဆန်၊ ပြောင်း၊ ဂျုံ၊ နှမ်းစသည့် အသီးအနှံများ၊ သတ္တုအမျိုးမျိုး၊ ရေနံ၊ တွင်းထွက်၊ ကျောက်သံပတ္တမြားအမျိုးမျိုး၊ မြန်မာပြည်မှာရှိတဲ့ ပစ္စည်းဥစ္စာဟူသမျှ အကုန်လုံး ဈေးနှုန်းနည်းနည်းနဲ့ ပေးဝယ်ကြတယ်။ သူတို့ပေးဝယ်တဲ့ဈေးနှုန်းက ဝါတစ်ပိဿာမှတစ်ပဲ၊ မြေပဲတစ်တင်းမှ ငါးမူးပေးတယ်။ စီးပွားရေးလုပ်ငန်းအားလုံး လက်ဝါးကြီးအုပ် ဖိနှိပ်ချုပ်ချယ်ခဲ့တယ်။"

"နယ်ချဲ့တွေက ဝါက ချည်မျှင်သေးသေးလေး ရက်လုပ်ကာ အင်္ကျီပါးပါးအစကို ပြန်ရောင်းတယ်။ မြန်မာပြည်က မိန်းမတွေဝတ်ကြတော့ သံဃာတော်တွေ၊ လူကြီးတွေက မသင့်တော်ဘူး၊ မဝတ်ကြနဲ့ဆိုပြီး တားမြစ်ကြရတယ်။ နယ်ချဲ့တွေက လူမှုရေးပိုင်းမှာလည်း အမျိုးမျိုး နှိပ်စက်ခဲ့ပါတယ်။ နောက်တော့လူကြီးတွေ တိုင်ပင်ကြပြီး ယော၊ ဆောဆိုတဲ့ အရပ်က ရက်လုပ်တဲ့ ပင်နီချောနဲ့ ယောလုံချည်များကို ဝတ်ဆင်စေပြီး အမျိုးသမီး ကုမ္မာရီ အသင်းဖွဲ့ခဲ့ပါတယ်။ အဲဒီအချိန်က အဘွားပြည့် အသက် (၂၀) လောက်ဆိုတော့ ပင်နီချောနဲ့ ယောထဘီဝတ်ပြီး အသင်းထဲပါရတာပေါ့"

"နယ်ချဲ့အင်္ဂလိပ်တွေ အုပ်ချုပ်နေစဉ် မြန်မာတွေကို သူတို့က ကျွန်တွေလို ခိုင်းတယ်။ မြန်မာတွေကကိုယ့်ထမင်းကိုယ်စားပြီး သူတို့ ခိုင်းတာ အားလုံး လုပ်ပေးခဲ့ရတယ်"ဟု ဘွားအိမ်ပြည့်က နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရစဉ်က အခြေအနေကိုပြောပြစဉ်။ ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

နယ်ချဲ့တို့ရက်လုပ်သည့် အင်္ကျီပါးပါးအစကိုမဝတ်၊ တိုင်းရင်းဖြစ်ပင်နီချောနှင့် ယောလုံချည်ဝတ်ကာ ကုမ္မာရီအသင်းထဲသို့ ဝင်ရောက်ခဲ့သည့် ယနေ့အသက် (၁၀၀) ပြည့် ဘွားအိမ်ပြည့်အား တွေ့ရစဉ်။
ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

"နောက်တစ်ခုက ပညာရေးကို အဓိကထားပြီး ချုပ်ချယ်ထားပါတယ်။ ပညာတတ်တော့ အသိဉာဏ်များပြီး နယ်ချဲ့ကိုတော်လှန်တိုက်ထုတ်မှာစိုးလို့ သူတို့ရဲ့စာဝေးလို့ မြန်မာစာတောင်မသင်ရပါဘူး။ ဒါကြောင့် ဖေ၊ပု၊လှိုင်ဆိုတဲ့ လူကြီးတွေက တစ်ရွာကိုလေးတန်းကျောင်း တစ်ကျောင်း စီဖွင့်ပေးဖို့ တောင်းဆိုကြလို့ နယ်ချဲ့တို့က တစ်ရွာကိုလေးတန်းကျောင်း တစ်ကျောင်းစီဖွင့်ပေးခဲ့ပါတယ်။ ဒီတော့ အဘွားပြည့်က ကိုးနှစ်၊ ဆယ်နှစ်လောက်ရှိနေပါပြီ၊ ပထမဝဲလောင်ရွာမှာဖွင့်ပေးလို့ ဝဲလောင်မှာ ဘွားပြည့် သင်ရပါတယ်။ လေးတန်းမအောင်မီ ကျောက္ကာမှာ လေးတန်းကျောင်း ဖွင့်ပေးတော့ စာသင်မယ့်ဆရာမရှိလို့ ပညာဝန်ကွီလန်ဆိုတဲ့ အင်္ဂလိပ်ကြီးက မင်းဘယ်နှတန်း အောင်ပြီလဲမေးတယ်။ လေးတန်းမဖြေရသေးဘူးလို့ ပြောတော့ ကျုပ်စစ်မယ်။ တစ်ကျပ်မှာ ဘယ်နှစ်ပိုင်ရှိသလဲမေးတော့ အဘွားပြည့်က ၁၉၂ ပိုင်ရှိတယ်လို့ ပြောလိုက်တယ်။ ဒီတော့ သူက မင်းလေးတန်းအောင်ပြီ၊ မြင်းခြံဆရာဖြစ် ကျောင်းသွားနေလို့ဆိုလို့ တစ်နှစ်သွားသင်ပြီး ဆရာမဖြစ်တော့ လခကျပ် ၂၀ ပေးပါတယ်။ လေးတန်းအပြင် ခုနစ်တန်း၊ ရှစ်တန်း၊ ကိုးတန်းထိဖွင့်ပေးပေမယ့် သင်လို့ ၁၀ တန်း အောင်လျှင် ရန်ကုန်ကောလိပ်ကျောင်းက လက်မခံပါ။ သူတို့ခိုင်းစေထားတဲ့ သူကြီးသား၊ မြို့အုပ်သားများသာ ရန်ကုန်ကောလိပ်မှာ နေရပါတယ်။ တောင်သူလယ်သမား၊ ဆင်းရဲသားများမှာ ကောလိပ်ကျောင်း မနေရတော့ ဆရာလုပ်၊ စာရေးအလုပ် လုပ်ကြရပါတယ်။ ပညာ၊အစားအစာ၊ အဝတ်အထည်၊ အနေအထိုင်အားလုံး နယ်ချဲ့တို့က ချုပ်ကိုင်ထားတယ်။ မိမိနွားနဲ့တွဲလုပ်လို့ ထွက်ရှိတဲ့ အသီးအနှံအစားအစာတွေကိုတောင်မှ နယ်ချဲ့ က အကုန်ယူပါတယ်။ ဒါကြောင့် နယ်ချဲ့တွေကို အရိုအသေပေးရ၊ ဆလံပေးရသဖြင့် လွတ်လပ်ရေးရပြီဆိုတော့ မျက်ရည်ထွက် ဝမ်းသာရတာပေါ့"

ဟူ၍ အဘွားအိမ်ပြည့်က ကြေးမုံသတင်းအဖွဲ့ကို နယ်ချဲ့လက်အောက်ကျရောက်စဉ်က မြန်မာပြည်သူများ ကြုံတွေ့ခဲ့ရသည့် ဒုက္ခဆင်းရဲများကို ပြောပြခဲ့ပါသည်။

အဘွားအိမ်ပြည့်သည် နံနက် ၁၁ နာရီတွင် နံနက်စာစားသည်။ မွန်းလွဲ ၁နာရီတွင် ရေချိုးသည်။ နေ့စဉ်ထုတ် ကြေးမုံသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ ဂျာနယ်များကို ဖတ်သည်။ မျဉ်းသား၍ မှတ်သားပြီး ဗလာစာအုပ်တွင် နေ့စဉ်မှတ်တမ်း ကိုယ်တိုင်ရေးသွင်းသည်။ စာအုပ်ငယ်များ ပြုစုပြီး သား၊ သမီးများ၊ မြေး၊ မြစ်များ၊ ဓမ္မမိတ်ဆွေသင်္ဂဟများကို အသိပညာ ကြွယ်ဝအောင် ဝေငှပေးသည်။ နံနက်တိုင်းအလှမ်း၁၀၀၊ ၁၀ ခေါက် လမ်းလျှောက်သည်။ ယနေ့ အသက် ၁၀၀ ပြည့်ပြီဖြစ်သော အဘွားအိမ်ပြည့်သည် အညစ်အကြေးကို ကိုယ်တိုင် ဆောင်ရွက်သည်။ မှတ်ဉာဏ်ကောင်းပြီး ပြောဆိုရာ၌သွက်လက်သည်။ ညပိုင်းတွင် တရားသုံးကြိမ်ထိုင်သည်။ အသက် ၁၀၀ ရှိပြီ ဖြစ်သော်လည်း နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရစဉ်က ကိုယ်တွေ့ကြုံခဲ့ရသော အဖြစ်သနစ်များကို မမေ့မပျောက်သေးဘဲ စိတ်အားထက်သန်စွာ ပြောပြခဲ့သည့် အဘွားအိမ်ပြည့်အား ကြေးမုံသတင်းအဖွဲ့က ဦးသုံးကြိမ်ချကန်တော့ကာ အသက် ၁၂၀ ကျော် ရှည်ပါစေကြောင်း ဂါရဝပြု ဆုတောင်းလိုက်ရပါသည်။ ။

# ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်း

**ပြည်ထောင်စု မြန်မာနိုင်ငံတော်**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၂/၂၀၀၅**
**၁၃၆၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်**
**(၂၀၀၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)**

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင် တံဆိပ်များကို အပ်နှင်းလိုက်ပါသည်–**

### ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဒေါ်အုန်းခင်၊ မြန်မာစာအဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။
၂။ ဦးဝင်းဖေ၊ မြန်မာစာအဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန။

### ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးမျိုးသန့်(မောင်ဆုရှင်)၊ အကြံပေးအရာရှိ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။
၂။ ဦးထွန်းအောင်ချိန်၊ အတွင်းရေးမှူး၊ မြန်မာ့သမိုင်းအဖွဲ့၊ ပညာရေးဝန်ကြီးဌာန။

### ဆေးပညာထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ပါမောက္ခဒေါက်တာနော်မန်လှ၊ ပါမောက္ခ/ဌာနမှူး၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး(ရန်ကုန်)၊ ကျန်းမာရေးဝန်ကြီးဌာန။
၂။ ပါမောက္ခဒေါက်တာစောနိုင်၊ ပါမောက္ခ/ဌာနမှူး၊ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်၊ ကျန်းမာရေးဝန်ကြီးဌာန။
၃။ ပါမောက္ခဒေါက်တာတင်မြင့်၊ ပါမောက္ခ/ဌာနမှူး(မေ့ဆေး)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။

### ဆေးပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ပါမောက္ခဒေါက်တာခင်မောင်အေး၊ ပါမောက္ခ/ဌာနမှူး (နှလုံးခွဲစိတ်)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကျန်းမာရေးဝန်ကြီးဌာန။

### ဆေးပညာထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဒေါက်တာမောင်မောင်ကြင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။

### နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးမြင့်ဌွေး၊ ညွှန်ကြားရေးမှူး(ကမ်းလွန်ရေနံရှာဖွေရေး)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန။

### နည်းပညာထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဦးစံသိန်း၊ ဒုတိယအထွေထွေမန်နေဂျာ၊ မြန်မာ့ကြံလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

### လယ်ယာစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဒေါက်တာတင်စိုး၊ ညွှန်ကြားရေးမှူးချုပ်(တာဝန်)၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

### လယ်ယာစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ဒေါက်တာရီရီမြင့်၊ ပါမောက္ခ၊ စိုက်ပျိုးရေးတက္ကသိုလ်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၂။ ဦးကျော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၃။ ဦးအိုက်ဆီ (ခ) ဦးစိုင်းစီ၊ တောင်သူ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၄။ ဒေါ်စုစုဝင်း၊ လက်ထောက်သုတေသနအရာရှိ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၅။ ဦးမောင်မောင်သိန်း၊ လက်ထောက်သုတေသနအရာရှိ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၆။ ဦးသန့်လွင်ဦး၊ လက်ထောက်သုတေသနအရာရှိ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၇။ ဦးအိုက်စံ၊ တောင်သူ၊ စယ်လန့်ကျေးရွာ၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၈။ ဦးတင့်စိုးလင်း၊ အမှတ်(၁၁၉) သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

### စက်မှုစီးပွားထူးချွန်တံဆိပ်(ဒုတိယဆင့်)

၁။ ဦးမြသောင်း၊ ညွှန်ကြားရေးမှူး(စီမံကိန်း)၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း သတ္တုတွင်းဝန်ကြီးဌာန။
၂။ ဦးထင်ကျော်၊ အင်ဂျင်နီယာချုပ်၊ ကုန်းလမ်းပို့ဆောင်ရေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၃။ ဦးမြင့်ရီ၊ အင်ဂျင်နီယာချုပ်(တူးဖော်ရေး)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း(ရုံးချုပ်)၊ ရန်ကုန်တိုင်း၊ စွမ်းအင်ဝန်ကြီးဌာန။
၄။ ဦးစောလွင်၊ ညွှန်ကြားရေးမှူး(စက်မှု)၊ စက်မှု/လျှပ်စစ်တပ်ဆင်ရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ ရန်ကုန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၅။ ဦးအေးသော်၊ လက်ထောက်အင်ဂျင်နီယာချုပ်၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၆။ ဦးတင်ရွှေ၊ လက်ထောက်အင်ဂျင်နီယာချုပ်၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း) မိတ္ထီလာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

### စက်မှုစီးပွားထူးချွန်တံဆိပ်(တတိယဆင့်)

၁။ ကြည်း ၃၂၄၂၀ ဗိုလ်ကြီးကျော်မျိုးဝင်း၊ စက်မှုလက်မှုဌာနစုမှူး၊ ပင်မဆက်သွယ်ရေးအလုပ်ရုံ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၂။ ကိုယ်ပိုင်အမှတ် ၄၂၇၉၁၀၊ အရာခံဗိုလ်မြင့်အောင်၊ စက်ထုတ်လုပ်ရေးတာဝန်ခံ၊ ပင်မဆက်သွယ်ရေးအလုပ်ရုံ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၃။ ကိုယ်ပိုင်အမှတ် ၆၉၀၆၀၁၊ တပ်ကြပ်ကြီးကျော်ကျော်ဦး၊ တွင်ခုံမောင်းနှင်တာဝန်ခံ ပင်မဆက်သွယ်ရေးအလုပ်ရုံ၊ ဆက်သွယ်ရေးညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန။
၄။ ဦးကျော်ထွန်းအေး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၅။ ဦးကျော်ဝေ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၆။ ဒေါ်မိုးမိုးဥမ္မာ၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။
၇။ ဦးသန်းဝင်း၊ ဒုတိယစက်ရုံမှူး၊ အုတ်စက်ရုံအမှတ်(၁)၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။
၈။ ဦးစောလူးနီ၊ လက်ထောက်မန်နေဂျာ၊ အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဆင်တဲ)၊ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။
၉။ ဦးတင်ဝင်း၊ အလုပ်ရုံစုမှူး၊ အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ (ဆင်တဲ)၊ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။
၁၀။ ဦးဆန်းဦး၊ မန်နေဂျာ၊ အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ (မလွန်)၊ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။
၁၁။ ဦးလှမြင့်၊ အလုပ်ရုံစုမှူး၊ အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံ (ရန်ကုန်)၊ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။
၁၂။ ဦးစိုးဦး၊ လက်ထောက်အထွေထွေမန်နေဂျာ၊ အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ (သထုံ)၊ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။
၁၃။ ဦးညွှန့်ဦး၊ ဒုတိယအင်ဂျင်နီယာချုပ်၊ အင်ဂျင်နီယာဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၁၄။ ဦးမောင်မောင်ပါ၊ ဒု–အလုပ်ရုံမှူး၊ အင်ဂျင်နီယာဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။
၁၅။ ဦးမြသန်း၊ အင်ဂျင်နီယာမှူးကြီး၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ သမဝါယမဝန်ကြီးဌာန။
၁၆။ ဦးမြင့်အောင်၊ ဥက္ကဋ္ဌ၊ သတ္တုဗေဒအင်ဂျင်နီယာနှင့် အထွေထွေလုပ်ငန်း၊ သမဝါယမအသင်းလီမိတက်၊ သမဝါယမဝန်ကြီးဌာန။
၁၇။ ဦးထွန်းအောင်၊ အင်ဂျင်နီယာမှူး(စက်မှု)၊ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။
၁၈။ ဒေါ်နုနု၊ ကြီးကြပ်ရေးမှူး (ပုလဲမွေး)၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန။
၁၉။ ဦးတင်ဝင်း(၅)၊ အငယ်တန်းအင်ဂျင်နီယာ(၁)၊ (လွန်တူး)၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန။
၂၀။ ဦးရဲညွှန့်စိန်၊ လ/ထအင်ဂျင်နီယာ (အလုပ်ရုံ၊ ရန်ကုန်)၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၂၁။ ဦးခင်မောင်ထွန်း၊ လ/ထအင်ဂျင်နီယာ (စက်မှု/စက်ရုံ)၊ ရွာထောင်ဒီဇယ်စက်ရုံ၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ မြန်မာ့မီးရထား၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန။
၂၂။ ဦးဝင်းသူ၊ ဒုတိယအင်ဂျင်နီယာချုပ်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးဝန်ကြီးဌာန။
၂၃။ ဦးဟန်စိန်၊ စက်ရုံမှူး၊ ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန။
၂၄။ ဦးလှသိန်း၊ လ/ထ အင်ဂျင်နီယာ(လျှပ်စစ်)၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၂၅။ ဦးဌွေးအောင်၊ ပ–လုပ်ငန်းကြပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၂၆။ ဦးကံညွှန့်၊ လုပ်ငန်းအုပ်(စက်ပြင်)၊ စက်မှုအင်ဂျင်နီယာဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၂၇။ ဦးသန်းထွန်း၊ အင်ဂျင်နီယာမှူး၊ အဝေးဆက်သွယ်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၂၈။ ဒေါ်စန်းစန်းလွင်၊ အင်ဂျင်နီယာမှူး၊ စီမံကိန်းဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၂၉။ ဒေါ်ချယ်ရီမျိုးတင့်၊ အင်ဂျင်နီယာမှူး၊ ရန်ကုန် အော်တိုတယ်လီဖုန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၃၀။ ဒေါ်ခင်မြမြနိုင်၊ အင်ဂျင်နီယာမှူး၊ ပြည်ပဆက်သွယ်ရေးစခန်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၃၁။ ဦးသိန်းဟုတ်၊ အင်ဂျင်နီယာမှူး၊ လုပ်ငန်းနှင့်စစ်ဆေးရေးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန။
၃၂။ ဦးခင်မောင်ကြည်၊ အမှုဆောင်အင်ဂျင်နီယာ(ခ)၊ (စက်မှု)၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ (ရေပေါ်မီးအစမ်းတွင်း)၊ စစ်ကိုင်းတိုင်း၊ စွမ်းအင်ဝန်ကြီးဌာန။
၃၃။ ဦးသိန်းထွဋ်ဖော်၊ အလုပ်ရုံစုမှူး (စီမံရေး)၊ ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)၊ စွမ်းအင်ဝန်ကြီးဌာန။
၃၄။ ဦးခင်မောင်လေး၊ ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုယန္တရားဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ ရန်ကုန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၅။ ဦးအောင်သန်းဦး၊ ဒုတိယညွှန်ကြားရေးမှူး(ဘူမိ)၊ စူးစမ်းလေ့လာရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ ရန်ကုန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၆။ ဦးတင်မောင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး (လျှပ်စစ်)၊ စက်မှု/လျှပ်စစ်တပ်ဆင်ရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ ရန်ကုန်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၇။ ဦးစိုး၊ လက်ထောက်ညွှန်ကြားရေးမှူး (လျှပ်စစ်)၊ စက်မှု/လျှပ်စစ်တပ်ဆင်ရေးဌာနခွဲ၊ ရေအားလျှပ်စစ်ဦးစီးဌာန၊ တောင်ငူ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၈။ ဦးမြင့်သိန်း၊ လက်ထောက်အမှုဆောင်အင်ဂျင်နီယာ၊ ဓာတ်အား ပို့လွှတ်ရေးစီမံကိန်း(မြောက်ပိုင်း)မိတ္ထီလာ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။
၃၉။ ဦးဖော်မင်း (ခ) ဦးကျော်စိုးဝင်း၊ အမှတ် (၁၁၆)၊ ဇီဇဝါလမ်း၊ ကန်အောက်ရပ်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

### စီမံထူးချွန်တံဆိပ်(ပထမဆင့်)

၁။ ဦးစိုးညွှန့်၊ ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (ရန်ကုန်)။
၂။ ဦးဗိုလ်ကြည်၊ ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (မန္တလေး)။
၃။ ကြည်း ၁၃၂၅၄ ဗိုလ်မှူးကြီးခင်မောင်မြင့်၊ စစ်ဗျူဟာမှူး၊ စစ်ဗျူဟာအဖွဲ့ (အခြေချ) (တန့်ယန်း)၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၄။ ကြည်း ၁၄၅၂၂ ဗိုလ်မှူးကြီးစံရွှေသာ၊ စစ်ဗျူဟာမှူး၊ စစ်မဟာဗျူဟာအဖွဲ့(အခြေချ) (ကွတ်ခိုင်)၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန။
၅။ ဦးစိုးရီ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန။
၆။ ဦးမျိုးတင့်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန။
၇။ ဗိုလ်မှူးကြီးသန်းညိန်း၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။
၈။ ဦးစိုးတင့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန။
၉။ ဦးဝင်းကြည်(၁)၊ ပါမောက္ခချုပ်၊ သစ်တောဦးစီးဌာန၊ သစ်တောရေးရာဝန်ကြီးဌာန။
၁၀။ ဦးမြတ်ကို၊ ညွှန်ကြားရေးမှူးချုပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန။
၁၁။ ဦးချစ်ခင်၊ ညွှန်ကြားရေးမှူးချုပ်၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၂။ ဦးခင်မောင်ကြည်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန။
၁၃။ ဦးကျော်လွင်၊ ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။
၁၄။ ဦးမောင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။
၁၅။ ဦးသန်းထွန်း၊ ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။
၁၆။ ဦးမြင့်ရွှေ၊ ညွှန်ကြားရေးမှူးချုပ်၊ ပျားလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။
၁၇။ ဦးခင်မောင်အေး၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန။
၁၈။ ဒေါက်တာစန်းဦး၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။

(ဆက်လက်ဖော်ပြပါမည်)

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ဗဟိုရုံးခန်းတွင် ကွယ်လွန်သူဖခင်ကြီး ဦးတင်မြင့်နှင့် မိခင်ကြီး ဒေါ်တင်တင်ရီအားရည်စူး၍ ကျန်ရစ်သူ သားသမီးမြေးတစ်စု အမှတ် ၁၇၈၊ ၁၈၀၊ (၄) လွှာ၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်မှ အလှူငွေကျပ် နှစ်သိန်းကို ဦးမျိုးခင်(အဖွဲ့ဝင်)သို့ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)



**အမှာစကား ပြောကြား**

**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# အနာဂတ်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေး အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန် ထက်သန်ခိုင်မာစွာဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်

❒ **အမျိုးသားမှ**

ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ကြားထားသူများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာဆရာမကြီးများ၊ ဆရာ၊ ဆရာမများနှင့် ထူးချွန်ဆုရကျောင်းသားကျောင်းသူများ စုံညီစွာတက်ရောက်ကြသည်။

အခမ်းအနားတွင် လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မဟန်မွန်မျိုးဟိန်းနှင့် မထက်ထက်အောင်တို့က မြန်မာဘာသာဖြင့်လည်းကောင်း၊ မဖူးပွင့်ကျော်နှင့် မဆုလာဘ်ရတနာတို့က အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း အခမ်းအနားအစီအစဉ်များကို ဖတ်ကြားကြေညာကြသည်။

ရှေးဦးစွာ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို နိုင်ငံတော်သီချင်းဖြင့်ဖွင့်လှစ်သည်။

ဆက်လက်၍ အခြေခံပညာကျောင်းသား၊ကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းဖြင့်လည်းကောင်း၊ ဘက်စုံဆင်နွှဲ ဆုနှင်းပွဲ သီချင်းဖြင့်လည်းကောင်း သီဆိုဂုဏ်ပြုကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစိုးရအနေဖြင့် အမိပြည်ထောင်စု မြန်မာနိုင်ငံ တော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိနိုင်ငံသူနိုင်ငံသား အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းပကားဖြင့် စွမ်းဆောင်ပေးနိုင်စေရန်နှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းအကျိုးရလဒ် ကောင်းများကို အနာဂတ်ကာလတိုင် တည်မြဲခိုင်မာစွာဖြင့် ဆက်လက်ထိန်းသိမ်း သယ်ဆောင်သွားနိုင်စေရန်ဆိုသည့် မျှော်မှန်းချက်များထားရှိပြီး ယနေ့မျိုးဆက်သစ် ကျောင်းသူ၊ ကျောင်းသား လူငယ်များကို နယ်ပယ်ကဏ္ဍစုံတွင် အရည်အသွေးမြင့်မားပြီး ဘက်စုံထူးချွန်ထက်မြက်သည့် နိုင်ငံသားကောင်းသမီးမွန်များအဖြစ် ဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍကနေ အားပေးချီးမြှောက်ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း။

ထို့အပြင် ပြည်သူအများ၏ လိုလားတောင့်တချက်နှင့်အညီ နိုင်ငံတော်အစိုးရက ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိနေသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးနှင့် အမိနိုင်ငံတော်ကြီး လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာဖြင့် နိုင်ငံတကာ့အလယ်တွင် ကမ္ဘာတည်သရွေ့ မြဲမြံခိုင်မာစွာ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရပ်တည်နိုင်စေရေးတို့သည်လည်း ယနေ့မျိုးဆက်သစ်လူငယ်များကို အနာဂတ်ကာလတွင် တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ် ရင့်သန်မြင့်မားသည့် ဘက်စုံထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးနိုင်မှုအပေါ်တွင် အဓိက တည်မှီလျက်ရှိသည်ဟု နိုင်ငံတော်အစိုးရက စွဲမြဲစွာယုံကြည်ခံယူထားကြောင်း။

ယင်းယုံကြည်ခံယူချက်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် မျိုးဆက်သစ်ကျောင်းသူ၊ ကျောင်းသား လူငယ်များကို မျက်မှောက်ခေတ်နှင့်တကွ အနာဂတ်ကာလ၏ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ကျော်လွှားနိုင်မည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်စေရန် ကျွမ်းကျင်မှုနှင့် အသိပညာသစ်၊ နည်းပညာသစ်များကို ပိုင်နိုင်ကျွမ်းကျင်စေရန်၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာများနှင့် အမျိုးသားရေးတန်ဖိုး၊ အမျိုးသားရေးစံထားမှုများကို လေးစားမြတ်နိုးထိန်းသိမ်းမြှင့်တင်နိုင်ရန်၊ မျိုးချစ်စိတ်ဓာတ်နှင့် အမျိုးသားရေးစိတ်ဓာတ်တို့ မြင့်မားခိုင်ကျည်စေရန်အတွက်စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးနိုင်စေမည့် အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်း အဆင့်ဆင့်ကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ထို့ကြောင့် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်ကစတင်ပြီး သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍများတွင် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းများကို ချမှတ်ပြီး "အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ"ဆိုသည့် အင်္ဂါရပ်များဖြင့် ပြည့်စုံညီညွတ်စေရန် ရည်မှန်းချက်ရှိရှိ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ယခုဆိုလျှင် ဘက်စုံထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်များပေါ်ထွန်းလာမှု အပါအဝင် အောင်မြင်ဖြစ်ထွန်းမှု အခြေခံကောင်းများ များစွာကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း။

ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးပွားဖြစ်ထွန်းလာစေရေးအတွက် အခြေခံပညာကျောင်းများကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ဖြန့်ကြက်ပြီး တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည့်အတွက် ယခုဆိုလျှင် အခြေခံပညာကျောင်းပေါင်း ၄၀၅၀၀ ကျော်တွင် ဆရာ၊ ဆရာမအင်အား ၂၄၀၀၀၀ ကျော်က ကျောင်းသား၊ ကျောင်းသူ ၇ ဒသမ ၇၈ သန်းကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်လျက်ရှိနေပြီဖြစ်ကြောင်း၊ ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ဒေသ၌ပင် အလယ်တန်းပညာကိုအလွယ်တကူသင်ယူနိုင်စေရန် မူလတန်းလွန်ကျောင်းပေါင်း ၄၇၀၀ကျော်အထိ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် အလယ်တန်းပညာကို အိုးမကွာ အိမ်မကွာ တက်ရောက်သင်ယူနိုင်သည့် ကျောင်းသူ၊ ကျောင်းသား သုံးသိန်းကျော် ထပ်မံတိုးပွား လာပြီဖြစ်သည့်အပြင် အဆင့်ဆင့်ပညာသင်ယူမှုနှုန်းသည်လည်း သိသာစွာမြင့်မားလာပြီဖြစ်ကြောင်း။

**ပညာရေးဝန်ကြီးဌာနဝန်ကြီးဦးသန်းအောင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုအမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

ခေတ်မီသင်ကြားမှုသင်ယူမှု၊ နည်းစနစ်များအသုံးပြုသင်ယူနိုင်စေရန် အခြေခံပညာကျောင်း ၁၆၀၁ကျောင်းတွင် Multi-Media Classroom များဖွဲ့စည်းသင်ကြားပေးနေပြီဖြစ်သကဲ့သို့ Computer Aided Media, Audio-Visual Media,Audio System Media ဆိုသည့် Media 3-Platformတွင် အနည်းဆုံး Media 2-Platformဖွဲ့စည်းသင်ကြားပေးနေသည့် အခြေခံပညာကျောင်း ၁၁၀၉ကျောင်း ရှိနေပြီလည်းဖြစ်ကြောင်း၊ သင်ကြားသင်ယူမှုအပိုင်း၌ဆိုလျှင်လည်း ကျောင်းသူ၊ ကျောင်းသားများ၏ ထိုးထွင်းကြံဆမှု၊ တီထွင်ဖန်တီးမှုနှင့် ဝေဖန်ပိုင်းခြားနိုင်မှု အရည်အသွေးများပြည့်ဝ လာရေး၊ စာပေသင်ခန်းစာကျွမ်းကျင်မှုကို ရပ်ရွာ၊ဒေသအလိုက်ဖြစ်တည်နေသည့် လူမှုစီးပွားရေးဘဝနှင့် ချိတ်ဆက်အသုံးပြုနိုင်ရေးတို့အတွက် ဆရာကိုဗဟိုပြု၊ဘာသာရပ်ကိုဗဟိုပြုသင်ကြားနေသောစနစ်ကနေ ကျောင်းသားကို ဗဟိုပြုသင်ကြားသည့်စနစ်ကို အောင်အောင်မြင်မြင် ပြောင်းလဲခဲ့ပြီးဖြစ်သည့်အပြင် အခြေခံပညာအထက်တန်းအဆင့်၌လည်း ပင်ကိုဗီဇ၊ အထုံပါရမီနှင့် ဝါသနာအရနှစ်သက်ရာဘာသာတွဲကို ရွေးချယ်သင်ယူနိုင်သော စနစ်ကို အောင်မြင်စွာကူးပြောင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့ အဘက်ဘက်က စီမံဆောင်ရွက်ခဲ့သည့်အတွက် နယ်ပယ်ကဏ္ဍစုံ၌ ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်ပေါ် ထွန်းလျက်ရှိနေပြီဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍက ပေါ်ထွန်းလာသော ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များကို အဆင့်မြင့်ပညာကဏ္ဍတွင်အရည်အသွေးမြင့်မားသော အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးနိုင်စေရေးအတွက်ဒေသအလိုက်သော်လည်းကောင်း၊ ပညာရပ်အလိုက်သော်လည်းကောင်း၊ တက္ကသိုလ်၊ ကောလိပ်များတိုးချဲ့ ဖွင့်လှစ်ပေးလျက်ရှိနေသည့်အပြင် ယနေ့နိုင်ငံ တကာတွင်ဖြစ်ထွန်းတိုးတက်တက်နေသော ပညာရပ်ခွဲ၊ ဘာသာရပ်များခွဲ၊ ပေါင်းစပ်ဘာသာရပ်များ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးမှုများ၊ မဟာဘွဲ့၊ မဟာသုတေသနဘွဲ့၊ ပါရဂူဘွဲ့သင်တန်း များ တိုးချဲ့ဖွင့်လှစ်သင်ကြားပေးမှုများ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက်လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုဌာနများဖွဲ့စည်းပြီး မိမိဒေသ၏ လူမှုစီးပွားရေးနယ်ပယ်တွင် လက်တွေ့အသုံးပြုနိုင်မည့် သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးမှုများ၊ နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်မည့် အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းကဲ့သို့ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍတို့စနစ်တကျချိတ်ဆက်ပြီး အမျိုးသားပညာရေး အဆောက်အအုံကြီးတစ်ခုလုံး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျစီမံကိန်းများချမှတ်ပြီး မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် အရည်အသွေးမြင့်မားပြီး ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းလာစေမည့် ရေခံမြေခံ အခြေခံကောင်းများ ခိုင်ခိုင်မာမာ အောင်မြင်ဖြစ်ထွန်းနေသည်ကို အားရဂုဏ်ယူဖွယ်တွေ့မြင်နေရပြီဖြစ်ကြောင်း။

ထို့ကြောင့်ပညာရေးကဏ္ဍ၏အောင်မြင်ဖြစ်ထွန်းမှုအသီးအပွင့် အကျိုးရလဒ် ကောင်းများအဖြစ် ဖြစ်ထွန်းလာခဲ့သော ဘက်စုံပညာဖွံ့ဖြိုးတိုးတက်မှုများ၊ ကျောင်းသူကျောင်းသားများ၏ ဉာဏ်ရည်ထက်မြက်မြင့်မားမှုများ၊ ရသပညာနှင့် လက်မှုပညာစွမ်းရည် မြင့်မားမှုများကို ယခုကဲ့သို့ ပညာရေးစုံညီပွဲတော်များ နှစ်စဉ်ကျင်းပပြီး ဖော်ထုတ်ပြသနိုင်လျက် ရှိနေသည်မှာလည်း ပညာရေးကဏ္ဍ၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ကို ထိရောက်စွာ အားပေးမြှင့်တင်ပေးနိုင်မည့် အလွန်ကောင်းမြတ်သော အစီအမံတစ်ရပ်ဖြစ်လာသည်ဟု ပြောကြားလိုကြောင်း။

ယနေ့ဆိုလျှင် နိုင်ငံတစ်ဝန်းလုံး၌ရှိကြသည့်ပညာရေးတက္ကသိုလ်၊ ကောလိပ်များ၊ အခြေခံပညာကျောင်းများ၌ ပညာရေးစုံညီပွဲတော်များ ကျင်းပလျက်ရှိကြပြီး စွမ်းရည်ပြပွဲ၊ ပြိုင်ပွဲများ ထူးချွန်ဆုချီးမြှင့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများတွင် ပညာရေးဝန်ထမ်းများနှင့် ဆရာဆရာမများ၊ မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ပညာရေးစေတနာရှင်များသည် ညီညာဖြဖြ တက်ညီလက်ညီ ပါဝင်ဆင်နွှဲနေကြပြီဖြစ်ကြောင်း။

ယနေ့တွင် မိမိတို့၏ ရင်နှစ်သည်းချာ သားသမီးများ၏ စွမ်းရည်ပြသမှု ထူးချွန်ထက်မြက်မှုများကို မျက်မြင်ကိုယ်တွေ့ မြင်တွေ့ကြရသည့် မိဘပြည်သူများအနေဖြင့်လည်း ကျေနပ်အားရ ဂုဏ်ယူမဆုံးဖြစ်ကြမှာ ကေန်အမှန်ပင်ဖြစ်ကြောင်း။

ပညာရေးစုံညီပွဲတော်ကြီးတွင် ဆရာဆရာမများ၊ မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ မိဘပြည်သူများ စုံစုံညီညီဆုံတွေ့ကြပြီး ကျောင်းသူကျောင်းသားများ၏ ပညာရည်မြင့်မားရေးနှင့် ကျောင်း၏သွင်ပြင် လက္ခဏာကောင်းမွန်ရေးတို့အတွက် ဝိုင်းဝန်းကူညီပံ့ပိုးဖွယ်ရာကိစ္စရပ်များကို စိတ်တူကိုယ်တူ ဆွေးနွေးတိုင်ပင်နိုင်ကြသည့် အခွင့်အလမ်းများ ဖြစ်ထွန်းလာသည်နှင့်အမျှ အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းလုပ်ငန်းစဉ်များ ဖြစ်ထွန်းအောင်မြင်လာရေးအတွက် ဆက်လက်ပြီး အားပေးချီးမြှောက်ပံ့ပိုးဆောင်ရွက်သွားကြမည့် စိတ်ဓာတ်၊ ဆန္ဒနှင့် သန္နိဋ္ဌာန်တို့ ပိုမိုတိုးပွားခိုင်မာလာကြမည်ဟုလည်း ယုံကြည်ထားပြီးဖြစ်ကြောင်း။

ယနေ့ ထူးချွန်ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များ အနေဖြင့်လည်း နိုင်ငံတော်နှင့်ပညာရေးစေတနာရှင်များ၏ ချီးမြှင့်ဂုဏ်ပြုမှုများအပေါ် အလေးအနက်ခံယူကြပြီး အနာဂတ်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအားမာန် ထက်သန်ခိုင်မာစွာဖြင့် ဆက်လက်ကြိုးပမ်းအားထုတ်သွားကြပါရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ယနေ့ အောင်မြင်ဖြစ်ထွန်းနေသည့် ပညာရေး ရေခံ၊ မြေခံ အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ပေးနိုင်စေရန် ပညာရေးဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ မိဘပြည်သူများအားလုံး အပြည့်အဝလက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်ရင်း မျိုးဆက်သစ် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အနာဂတ်ကာလတွင် နိုင်ငံတော်ကအားထားရသည့် ဘက်စုံထူးချွန်ထက်မြက်သော၊ အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ် ဖြစ်ထွန်းလာစေရန် ဝိုင်းဝန်းပံ့ပိုးကြိုးပမ်းစွမ်းဆောင်ပေးကြပါဟု အလေးအနက်တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က ဂုဏ်ပြုစကားပြောကြားရာတွင် ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပရသည့် ရည်ရွယ်ချက်များမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး

**မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားတွင် ဘက်စုံပညာထူးချွန်ဆုရရှိသူ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။** (သတင်းစဉ်)

ဉ်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ကာကွယ်မည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး၊ ပြည်ထောင်စုစိတ်ဓာတ် သန်ခိုင်မာပြီး ရိုးရာယဉ်ကျေးမှုနှင့် လူမှုဘဝစံနှုန်းများကို ထိန်းသိမ်း ်တင်နိုင်မည့် နိုင်ငံသားကောင်း၊ သမီးမွန်များပေါ်ထွန်းလာရေး၊ ပညာရေး ဏ္ဍာအလိုက် စွမ်းဆောင်ချက်များကို ထုတ်ဖော်ဂုဏ်ပြုနိုင်ခြင်းအားဖြင့် ညာရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေးနှင့် မျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကို မိဘပြည်သူများနှင့် ပူးပေါင်း ဘင်ရွက်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပနေခြင်းဖြစ်ကြောင်း။

**ကျင်းပပေးခဲ့**

၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွင်း ပညာရေးကဏ္ဍတွင် စွမ်းဆောင်ခဲ့ ည့် လုပ်ငန်းများကို ဆန်းစစ်ကြည့်မည်ဆိုလျှင် ၂၀၀၄ ခုနှစ် မေလဆန်းပိုင်းတွင် မျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း အကောင်အထည် ာ်မှုပြပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ကျင်းပပေးခဲ့ပါကြောင်း။

ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ ဗဟို ဆင့်မှ ကျေးရွာ၊ကျောင်း အဆင့်အထိ ကျောင်းနေရေးကော်မတီ အဆင့်ဆင့်ကို သအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေး သင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများဖြင့် ပါဝင် ဘင်ရွက်ခဲ့ကြသည့်အတွက် သူငယ်တန်းသို့ ဝင်ရောက်လာကြသည့် သက်(၅)နှစ်ပြည့်ပြီး ကလေးဦးရေသည် ၁၁သိန်းကျော်ရှိသည့်အတွက် စ်နိုင်ငံလုံး အတိုင်းအတာအရ သူငယ်တန်းကျောင်းနေအရွယ် ကလေး ရေ၏ ၉၆ဒသမ၅၆ရာခိုင်နှုန်းအထိ ကျောင်းတက်ရောက်လာသည်ကို ှ့ရပါကြောင်း။

သူငယ်တန်းကျောင်းနေအရွယ်လွန် ကလေးများအနက် အသက်(၇)နှစ်မှ )နှစ်အတွင်း ကလေးဦးရေ သုံးသောင်းကျော် ပါဝင်နေသည့်အတွက် လေး၏ အသက်အရွယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးမှုအရ မူလတန်းအဆင့် ဘာသာရပ် လိုက် တတ်မြောက်မှုအရည်အသွေးလျော့နည်းမှုမရှိစေဘဲ အချိန်တိုကာလ ာွင်း မူလတန်းပညာ သင်ယူပြီးမြောက်စေမည့် အထူးသင်ကြားရေး အစီအစဉ် ယမန်နှစ်ကစပြီး ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

သက်ကြီးစာမတတ်သူ ပပျောက်ရေးအတွက် ပြည်နယ်၊တိုင်းများနှင့် သအလိုက် စာတတ်မြောက်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ ည့်အတွက် ယခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၃ဒသမ၃ ခိုင်နှုန်းအထိ တိုးတက်လာပြီဖြစ်ပါကြောင်း။

ဆရာအတတ်ပညာသင်တန်းများနှင့်ပတ်သက်ပြီး တင်ပြရလျှင် လုပ်ငန်း အကြို ဘွဲ့ကြိုဆရာအတတ်သင်တန်းများ၊ ဘွဲ့လွန်ဒီပလိုမာသင်တန်းများ၊ ဘာဘွဲ့၊ ပါရဂူဘွဲ့ သင်တန်းများကို တိုးမြှင့်ဖွင့်လှစ်လေ့ကျင့်ပေးပြီး ဆရာ၊ ရာများအဖြစ်ခန့်အပ် ဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ ဆရာအတတ်သင်တန်း က်ရောက်ရန် ကျန်ရှိနေသော လုပ်ငန်းခွင်ဆရာ၊ ဆရာမများအတွက်လည်း ပေးစာယူသင်တန်းများ၊ ပညာရေးကောလိပ် အခြေပြုသင်တန်းများနှင့် နယ်အခြေပြု သင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးလျက်ရှိပါကြောင်း။

ဘက်စုံပညာအတွက် ကျောင်းအသီးသီးသည် ပညာရေးပြက္ခဒိန် ရေးဆွဲ ဘင်ရွက်နေကြောင်း၊ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံသားကောင်းများအဖြစ် ပျိုးထောင် ပေးနိုင်ရေးအတွက် နှစ်စဉ်ကျောင်းအလိုက် အကောင်အထည်ဖော် ဘင်ရွက်ရမည့် ပညာရေးပြက္ခဒိန်အရ ကျောင်းနှင့်ဝန်းကျင် စိမ်းလန်း ပြည်ရေးနေ့၊ ကျောင်းကျန်းမာရေးသီတင်းပတ်၊ ကျောင်းနှင့်ဝန်းကျင် န့်ရှင်းရေးနေ့တို့ကို အသီးသီးသတ်မှတ်ပြီး ကျောင်းအလိုက် ဆရာ၊ ရာမများနှင့် ကျောင်းသား၊ ကျောင်းသူအားလုံး ပါဝင်ဆောင်ရွက်ခဲ့ ကြောင်း။

နိုင်ငံတော်က သတ်မှတ်ထားသည့် နေ့ကြီးရက်ကြီးများနှင့် ကမ္ဘာ့ကုလ မဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသော နေ့ကြီးရက်ကြီးများ၊ အထိမ်းအမှတ် ပေ၊ အနုပညာပြိုင်ပွဲများ၊ အာဆီယံနှင့်နိုင်ငံတကာ စာပေအနုပညာ၊ ပန်းချီ ်ပွဲများ၊ အားကစားပြိုင်ပွဲများ၊ ပညာရပ်ဆိုင်ရာပြိုင်ပွဲများတွင်လည်း အခြေခံ ညာနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ရပ်လုံး၌ ကျောင်းသား၊ ကျောင်းသူများ ဝင်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ် းနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ်ရေး ပညာပေး စီအစဉ်ဆိုင်ရာ ဟောပြောပွဲများ၊ စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာ င်ပွဲများမှာလည်း ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြ ကြောင်း။

ထို့ကြောင့် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွင်း အမျိုးသားပညာရည် မြင့်မားတိုးတက်ရေးလုပ်ငန်းများတွင် ဒေသအာဏာပိုင်များ၊ ပညာရေး ဝန်ထမ်းများ၊ ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများ အပြည့်အဝ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြသည့်အတွက် ယခုကဲ့သို့ တိုးတက်အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**မှတ်တမ်းတင်ဓာတ်ပုံ**

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရ မြစ်ကြီးနားမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်မလွတ် ဆိုင်းအောင်၊ လှိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မသွယ်စုဝင်း၊ ဘားအံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်လွင်မွန်၊ တီးတိန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်လျန်းဆွင်ခမ်၊ ရွှေဘိုမြို့ အမှတ်(၃) အခြေခံပညာအထက်တန်း ကျောင်းမှ မစောပြည့်သူဇာ၊ ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်းမှ မဆုဝေလှိုင်၊ ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ငြိမ်း ချမ်းဝေလင်း၊ ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သောင်းထိုက်ဆောင်၊ မကွေးမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်း ကျောင်းမှ မစုအိမွန်၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၂) အခြေခံ ပညာ အထက်တန်းကျောင်းမှ မောင်အောင်ကျော်မျိုး၊ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းမှ မစန္ဒာချို၊ စစ်တွေမြို့ အမှတ်(၂) အခြေခံ ပညာအထက်တန်းကျောင်းမှ မောင်မြတ်ဇော်ဟိန်း၊ ရန်ကုန်မြို့ ဗိုလ်တထောင် မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ခိုင်လင်း၊ တောင်ကြီးမြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မနန်းယဉ်မင်း ထွန်း၊ လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟိန်း ဝင်းဖြိုး၊ ကျိုင်းတုံမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်စိုင်း ရဲန်ဟိန်းနှင့် ပုသိမ်မြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကောင်းမြတ်မျိုးတို့အား တစ်ဦးချင်းဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး စီမံချက် အရ ထူးခြားသည့် ကျောင်းသူနှစ်ဦးနှင့် ဂုဏ်ထူးဆောင် ကျောင်းသူတစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "စုံညီပွဲတော် တို့နွှဲပျော်" သီချင်းဖြင့် သီဆိုဂုဏ်ပြုကြပြီး အခမ်းအနားကို ခေတ္တရပ်နားသည်။

ထို့နောက် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားကို နံနက် ၁၀နာရီတွင် ဆက်လက်ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားက အဋ္ဌမတန်း ဘက်စုံပညာ ထူးချွန် ဆုရ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်က ဒသမတန်း စာပေ(သိပ္ပံဘာသာ တွဲ) ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ကျော်မြင့်က ဒသမတန်း စာပေ(ဝိဇ္ဇာဘာသာတွဲ) ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား လည်းကောင်း၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အဋ္ဌမတန်း စာပေဘာသာရပ် ထူးချွန် ဆုရ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဒသမတန်းကျောင်း လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအား လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အဋ္ဌမတန်း ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ များအားလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်က မသန်သော်လည်း စွမ်းဆောင်နိုင်သည့် ကျောင်းသားကျောင်းသူ များအားလည်း ကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ပြီး ကျောင်းသားကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သီဆိုဂုဏ်ပြု**

ထို့နောက် စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းမှ ကျောင်းသူလေးများက "စုံညီပွဲတော် အားလုံးပျော်" သီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက မြန်မာနှင့်နိုင်ငံတကာ လူမှုဆက်ဆံရေး ထုံးခလေ့တတ်ကျွမ်းမှုပြိုင်ပွဲတွင် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ဆုရ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများအား လည်း ကောင်း၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က နိုင်ငံတကာ နှင့်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ကျောင်းသား ကျောင်းသူ များအားလည်းကောင်း၊ ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက နိုင်ငံတကာ ပန်းချီပြိုင်ပွဲများတွင် ပထမဆု ရရှိသူ ကျောင်းသားနှစ်ဦးတို့အားလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ပြီး ဆုရထူးချွန် ကျောင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခြေခံပညာကျောင်းသားကျောင်းသူလေးများက "ဘက်စုံပညာကိုရည် တို့လုမ်းချီ" သီချင်းဖြင့်လည်းကောင်း၊ "ဇာတိမာန်" သီချင်းဖြင့်လည်းကောင်း သီဆိုဂုဏ်ပြုကြပြီး အခမ်းအနားကို ရုပ်သိမ်း လိုက်သည်။

အခမ်းအနားအပြီးတွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေး စုံညီပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်နှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူ များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

## ဆေးတက္ကသိုလ်(၁)ရန်ကုန် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃**

ဆေးတက္ကသိုလ်(၁) ရန်ကုန် အနှစ် (၄၀)ပြည့် အထိမ်းအမှတ်(၁၉၆၄–၂၀၀၄) အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၈ရက်(စနေနေ့) နံနက်၉နာရီခွဲတွင် ဝါးတန်းလမ်းရှိ ပန်ဒါဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ၁၉၆၄ခုနှစ်မှ စတင် အတူတကွ ပညာသင်ယူခဲ့ကြသော ဆေးတက္ကသိုလ်(၁)၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့် တိမွေးကု ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများအားလုံး မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ဖိတ်ကြားထားသည်။

လှူဒါန်းလိုသူများသည် ဒေါက်တာ အောင်မွန် ဖုန်း–၀၁–၅၂၇၀၄၃၊ ဒေါက်တာတင်မောင်ဝင်း ဖုန်း–၀၁–၂၉၆၀၉၂၊ ဒေါက်တာမြင့်အောင်ခင် ဖုန်း–၀၁–၆၂၉၃၆၇၊ ဒေါက်တာ အေးမြင့် ဖုန်း–၀၁–၇၀၄၅၆၁၊ ဒေါက်တာဥမ္မာသွင် ဖုန်း–၀၁–၅၃၇၆၅၆နှင့် ဒေါက်တာခင်စန်းဝင်း ဖုန်း–၀၁–၂၄၄၂၉၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၄–၁–၂၀၀၅ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၆:၄၅ ၁။ **၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံတင်အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်**
- ၇:၃၀ ၂။ နံနက်ခင်းသတင်း
- ၈:၁၅ ၃။ **(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်**
- ၈:၃၀ ၄။ International News.
- ၈:၄၅ ၅။ Let's Go.
- ၉:၀၀ ၆။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use.
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅:၁၅ ၆။ **(၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်**
- ၅:၃၀ ၇။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
- ၅:၄၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၁၅ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ မျှော်မင်းသူနန်း (အပိုင်း–၅၆**
- ၆:၃၀ ၁၀။ ညနေခင်းသတင်း
- ၇:၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၂။ ကြေးမုံရိပ်သွင် တေးနှယ်ဉ်
- ၇:၂၀ ၁၃။ မြန်မာရာပြည့်သမဝါယမ ဆွေးနွေးခန်း
- ၇:၃၀ ၁၄။ **(၅၇)နှစ်မြောက်လွတ်လပ်ရေး ဂုဏ်ပြုအစီအစဉ်**
- ၇:၄၅ ၁၅။ **အချုပ်အခြာအာဏာမွန်ရည်ကြ နိုင်မာစေမှု ဒို့ရေးရှု "သမိုင်းမော်ကွန်း ထွန်းသစ်ဝေ ပြည်မြန်မာ"**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ သံစဉ်မဲ့ချစ်သူ (အပိုင်း–၂၇**
- ၂၀။ **၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ရုပ်မြင်သံကြ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာအဆင့်)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

## သီတဂူအထူးတရားပွဲ

**ရန်ကုန် ဇန်နဝါရီ ၃**

သီတဂူ ကမ္ဘာ့ဗုဒ္ဓဘာ တက္ကသိုလ် အဓိပတိ ထေရ ဗုဒ္ဓတက္ကသိုလ်၏ ဂုဏ်ထူးဆေ ပါမောက္ခ၊ အဂ္ဂမဟာပဏ္ဍိတ၊ မဟာ သဒ္ဓမ္မဇောတိကဓဇ၊ မဟာ ကထိက ဗဟုဇနဟိတဓရ သီ ဆရာတော် ဒေါက်တာအရှင် ဉ သဿရ (D.Litt)သည် စစ်ကို တောင်ရိုး သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသ သဒ္ဓမ္မဇောတိကာ မဟာသိမ်တော် အလှူငွေ လှူဒါန်းခြင်းနှင့် ဓမ္မ ရေစက်ချအထူးတရားပွဲကို ဇန်န ၆ရက် (ကြာသပတေးနေ့) ည ၇ တွင် အမှတ်(၂/၃) မာလာ (၁)လမ်း (၁၆)ရပ်ကွက် လှိုင်မြို့ တွင် ဟောကြားချီးမြှင့်မည်ဖြစ်သ တရားနာကြွရောက်ကြရန်ဖိတ် ထားကြောင်း သိရသည်။ (က–

## တန့်ကြည့်တောင် ဝိပဿန တရားပွဲများကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၃**

အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တန့်ကြည့်တောင် ဆရာတော်ကြ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့န တန့်ကြည့်တောင် ဝိပဿနာရိပ် (ရန်ကုန်)၌ သတိပဋ္ဌာန်ဝိပဿ ခုနှစ်ရက်အဓိဋ္ဌာန် တရားပွဲမျာ ဇန်နဝါရီ ၈ရက်မှ ၁၅ရက် ပထမပတ်၊ ၁၅ရက်မှ ၂၂ရက်အ ဒုတိယပတ်၊ ၂၂ရက်မှ ၂၉ရက်အ တတိယပတ် ရက်သတ္တသုံး ဟောပြောပြသသွားမည်ဖြစ်သ ရိပ်သာဖုန်း–၂၄၇၅၅၇၊ ဦးကို ဖုန်း–၅၀၂၈၂၀ တို့သို့ ကြိုတင်စာ ပေးသွင်းနိုင်ကြောင်း သိရသည်။ (က–

## ထူးခြားသည့် ညအပူချိန်များ

**၃–၁–၂၀၀၅**

**နမ့်ဆန်**

၃ဒီဂရီစင်တီဂရိတ်

**ဟားခါး၊ ပင်လောင်းနှင့် ဟဲဟို**

၄ဒီဂရီစင်တီဂရိတ်

# အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံတော်၏လိုအပ်ချက်ဖြစ်သကဲ့သို့ မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးသည် နိုင်ငံတော်နှင့်ပြည်သူတို့၏ လိုလားချက်ဖြစ်

# အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃

**ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ဧရာဝတီတိုင်းအတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးတည်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၃၁ရက် နံနက် ၉နာရီတွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့မိမြို့ဖများ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ထူးချွန်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။ ယင်းနောက် ပုသိမ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင် ကျောင်းသား၊ ကျောင်းသူလေးများက "ပြည်မြန်မာ"သီချင်းနှင့် "ရာသက်ပန်ပြည်ထောင်စု"သီချင်းတို့ဖြင့် ဂုဏ်ပြုသီဆိုကြသည်။

ထို့နောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စတင်ကျင်းပရာ သဘာပတိ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းက အမှာစကား ပြောကြားရာတွင် မိမိတို့၏ အမျိုးသားနိုင်ငံရေးမျှော်မှန်းချက်သည် အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းမှသည် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးဖြစ်ကြောင်း။

အေးချမ်းတည်ငြိမ်ခြင်း၊ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံတော်၏လိုအပ်ချက်ဖြစ်သကဲ့သို့ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးသည်လည်း နိုင်ငံတော်နှင့် ပြည်သူတို့၏ လိုလားချက်ဖြစ်ကြောင်း။

ယနေ့ မျက်မှောက်ကာလတွင် တိုးတက်နေသည့် နိုင်ငံများသည် အတိတ်သမိုင်းကြောင်း ဖြစ်စဉ်ကို သုံးသပ်ပြီး ပစ္စုပ္ပန်ကာလ နိုင်ငံကို ပုံဖော်လျက်ရှိသည်ကို မြင်တွေ့နေရကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကို အတိုချုံးသုံးသပ်ကြည့်သည့်အခါ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းကစခဲ့ခြင်းကြောင့် ရှည်လျားသည့် သမိုင်းဖြစ်စဉ်ကြီး ရှိသည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေး တာဝန်ကို ထမ်းဆောင်ကြမည့် မျိုးဆက်သစ်လူငယ်များကို ဗဟိုပြုပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်၍ လူငယ်များ စိတ်ဓာတ်မြင့်မားရေး၊ ကြံ့ခိုင်ရေးနှင့် စွမ်းရည် မြင့်မားရေးတို့အတွက် လေ့ကျင့်ပျိုးထောင်ရင်း အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးသို့ ချီတက်ရာတွင် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နှင့် လူမှုရေးဦးတည်ချက်(၄)ရပ်တို့ကို ဦးထိပ်ပန်ဆင် ကြိုးပမ်းဆောင်ရွက်နေသော အသင်းဖြစ်ကြောင်း။

နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)တွင် ချမှတ်ခဲ့သော ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်၊ တိုင်းအသင်းအနေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် ဧရာဝတီတိုင်း



သဘာပတိ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်း အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အသင်း၏ ရှေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများသိရှိပြီး ကျေးရွာအရောက် ကွက်လပ်မကျန်အောင် ပြည်သူများနှင့် ထိတွေ့အကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အားဖြင့် အစည်းအဝေးကြီးကိုတက်ရောက်လာကြသောကိုယ်စားလှယ်များအနေဖြင့် အသင်းကြီး၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် တိုင်းအသင်း၏ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကိုသိရှိပြီး အသင်းကြီး၏ လမ်းညွှန်ချက်များအတိုင်း အသင်း၏ရှေ့ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာတက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြပါဟု အလေးအနက် တိုက်တွန်းပြောကြားသွားသည်။

ယင်းနောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းကိုကိုက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၄)၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်စောမူက ဧရာဝတီတိုင်းအတွင်း ဆောင်ရွက်ရန်လျာထားသည့် လက်တွေ့လုပ်ငန်းများကို ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးမြတ်စိုးနှင့် မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ကိုယ်စား ပန်းတနော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နီလာမော်တို့က ထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ဇော်လှိုင်နှင့် ဖျာပုံခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းကိုယ်စား ဖျာပုံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ် အမှုဆောင် ဒေါ်ချိုချိုလွင်တို့က ထောက်ခံဆွေးနွေးကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်းအတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းစဉ်များ အင်တိုက်အားတိုက် အကောင်အထည်ဖော် ဆောင်ရွက်ရေးကို ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းကိုယ်စား ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်လင်းက ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ထူးချွန်လူငယ် ၅၃ဦးတို့အား ဧရာဝတီတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှခင်(အငြိမ်းစား)၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်လတ်၊ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးကျော်၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအလုပ်အမှုဆောင် ဦးကြည်ဝင်းတို့က ဆုများကိုချီးမြှင့်ကြသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက တိုင်းအတွင်းရှိ ပညာရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခရိုင်တစ်ခုလျှင် ငွေကျပ်သိန်း ၁၅၀ဖြင့်ငါးခရိုင်အတွက်ငွေကျပ်သိန်း ၇၅၀ကို ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က ပေးအပ်ရာ ပုသိမ်ခရိုင်အတွက် ခရိုင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း တွဲဖက်အတွင်းရေးမှူး ဦးစိုးဝင်းကလည်းကောင်း၊ ဟင်္သာတခရိုင်အတွက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးညွှန့်လှိုင်ကလည်းကောင်း၊ မြောင်းမြခရိုင်အတွက်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဒေါက်တာဌေးနိုင်ကလည်းကောင်း၊ မအူပင်ခရိုင်အတွက်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဝင်းနိုင်ကျော်ကလည်းကောင်း၊ ဖျာပုံခရိုင်အတွက် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန့်ဥမ္မာမြကလည်းကောင်း လက်ခံကြသည်။

ယင်းနောက် သဘာပတိက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၄)၏ ဦးတည်ချက်(၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်နှင့် ဧရာဝတီတိုင်းအတွင်း ဆောင်ရွက်ရန် လျာထားသည့် လက်တွေ့လုပ်ငန်းများကို ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အနေဖြင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် ဆုံးဖြတ်အတည်ပြုကြောင်းကြေညာသည်။

ထို့နောက် အစည်းအဝေးကို ကြွေးကြော်သံများဖြင့် နံနက် ၁၀နာရီ ၁၀မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီး၏ ဦးတည်ချက်(၇)ရပ်ကို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားအင်္ဂပူမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြတ်စိုးက တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်စောမူက ဧရာဝတီတိုင်းအတွင်း ဆောင်ရွက်ရန်လျာထားသည့်လက်တွေ့လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းကိုကိုက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၄)၌ ချမှတ်ခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်၏ ရှေ့လုပ်ငန်းစဉ်(၉)ရပ်ကို ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မြောင်းမြခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ကိုယ်စား မော်လမြိုင်ကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဦးအောင်ဇော်လှိုင်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ပန်းတနော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နီလာမော်က တင်ပြချက်များနှင့် စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဖျာပုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စား ဖျာပုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ချိုချိုလွင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ပုသိမ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးဉာဏ်လင်းက တင်ပြချက်များနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုကဗျာ

## ညီရင်းနောင်မြတ် သတိချပ်စို့

❖ ဒို့နိုင်ငံတော်၊ နှစ်(၂၀၀၀)ကျော်မျှ
ဦးမော်ဝင့်ကြွား၊ ကိုယ့်အမျိုးသားခေါင်းဆောင်
ကိုယ့်တန်ဆောင်ယဉ်ကျေးမှု၊ ကိုယ်ပြုသည့်ဥပဒေ
အထွေထွေနှင့်၊ ရေရှည်ရပ်တည်ခဲ့ကြသည်။ ။

❖ ဤသို့ ထည်ဝါ၊ နေခဲ့ရာမှ
မသမာကောက်ကျစ်၊ နယ်ချဲ့ညစ်တို့
ကျူးကျော်စစ်ဆင်၊ လိုချင်တပ်မက်
ဒို့ပိုင်နက်ကို၊ စစ်မက်ပြုကာ
ကျူးကျော်ရာမှ၊ သူ့ကျွန်ဘဝ
ကာလများစွာကြာခဲ့သည်။ ။

❖ ကျွန်ပြုခံရ၊ ရက်ကာလမှာ
မကြာဘာမျှ၊ တစ်ခဏာတွင်း
လွတ်လပ်ခြင်းဆုံး၊
ယူကျုံးမရ ဖြစ်ခဲ့ရ၏။ ။

❖ မြန်မာ့မြေဖွား၊ ညီနောင်များတို့
အားမာန်စုဝေး၊ အသက်သွေးသွေး
စတေးပေးဆက်၊ နှစ်သက်ရာကျော်
ကြာလတ်သော်မှ၊
လွတ်လပ်မော်ကွန်းထိုးနိုင်ခဲ့။ ။

❖ ရင်းနှီးကြီးစွာ၊ ပေးဆပ်ပါမှ
ခက်စွာပြန်ရ၊ မြန်မာ့မှန်ကင်း
လွတ်လပ်ခြင်းကို၊ ညီရင်းနောင်မြတ်
သတိချပ်စို့၊
နောက်ထပ်ပြန်လည်မဆုံးရှုံးစေနှင့်။ ။

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

● **အတွင်းရေးမှူး(၁)မှ**

တိုင်းရင်းသားအားလုံးက ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေးတည်းဟူသော ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များဖြင့် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီတို့က ကြီးမှူးပြသသည့် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့ပြပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အားပေးချီးမြှင့်သည်။

အဆိုပါပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမ မျက်နှာစာ၌ ကျင်းပရာ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းက (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ၂၀၀၅ခုနှစ် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြပွဲခန်းမတွင် ဗဟိုပြကွက်အဖြစ် ပြသထားသော နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဓာတ်ပုံနှင့် လွတ်လပ်ရေးနှင့်သက်ဆိုင်သည့် အဆိုအမိန့်၊ လူသားအစ မြန်မာကပြကွက်၊ ရှေးဟောင်းမြန်မာနိုင်ငံတော်များပြကွက်၊ လွတ်လပ်ရေးကြိုးပမ်းမှုများ၊ လွတ်လပ်ရေးရရှိခြင်း၊ လွတ်လပ်ရေး ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုများ ပြကွက်၊ ရှုခင်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြကွက်၊ ရှုချင်စဖွယ် အမျိုးသားယဉ်ကျေးမှု ရောင်စုံဓာတ်ပုံပြကွက်၊ ခေတ်မီဘက်စုံတည်ဆောက်ရေးမြင်ကွင်း ရောင်စုံ ဓာတ်ပုံပြကွက်တို့ကိုလည်းကောင်း၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်၏ Computer Quiz အစီအစဉ်နှင့် Soft Guide Computer Co., ၏ Teaching Contest with Audio Language Lab ပြိုင်ပွဲ၌ ကျောင်းသား၊ ကျောင်းသူများ၏ လေ့ကျင့်ယှဉ်ပြိုင်နေမှုတို့ကို လည်းကောင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနပြခန်း၊ စွမ်းအင်ဝန်ကြီးဌာနပြခန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနပြခန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာနပြခန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ ပညာရေးဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နိုင်ငံသစ်ဆီတို့ဦးတည် တက်ညီလက်ညီချီတက်မည်ပြခန်းမှ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဆီသို့ ပြကွက်နှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း၏ ပြည်သူများသို့ ဆောင်ရွက်ပေးလျက်ရှိသည့် ဝန်ဆောင်မှုများဆိုင်ရာ ပြကွက်များကို လှည့်လည် ကြည့်ရှုအားပေးရာ သက်ဆိုင်ရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက လိုလ်လံရှင်းလင်း ပြသကြသည်။

ပြပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ပုဂ္ဂလိက စာအုပ်ဆိုင်များက စာအုပ်စာတမ်းများကို ရောင်းချပေးလျက်ရှိပြီး ပြပွဲကို ယနေ့မှစ၍ ဇန်နဝါရီ ၁၁ရက်ထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအတွင်း ဖွင့်လှစ်ပြသမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

**(၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ပြပွဲ ပြန်ကြားရေးဆပ်ကော်မတီနှင့် ပြပွဲခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

❀ **ကျောဖုံးမှ**

ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၀၅)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၀၅)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၀၅)ကိုလည်းကောင်း၊ ၂၀၀၅ ခုနှစ် ဇန်နဝါရီ ၄ရက် (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်ကြေညာသည်။

အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၀၅)ဖြင့် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်နှစ်ပါး၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်နှစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၂၁ပါး၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် တစ်ပါး၊ ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်သုံးပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၃၈ပါး၊ သီလရှင်လေးပါး စုစုပေါင်း ၄၂ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၁ပါး၊ သီလရှင်သုံးပါး စုစုပေါင်း ၅၄ပါး၊ ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၄ပါး၊ သီလရှင် လေးပါး စုစုပေါင်း ၁၈ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ခြောက်ပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၅၄ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၄၈ပါး၊ သီလရှင်သုံးပါး၊ လူပုဂ္ဂိုလ်ရှစ်ဦး စုစုပေါင်း ၅၉ပါး၊ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၃၃ပါး၊ သီလရှင်နှစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦး စုစုပေါင်း ၃၆ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၆ပါး၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော် ၁၃ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော ဆရာတော်ငါးပါး၊ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့ ငါးဦး၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့ တစ်ဦး၊ သီရိသုဓမ္မမဏိဇောတဓရဘွဲ့ ရှစ်ဦး၊ သီရိသုဓမ္မသိင်္ဂီဘွဲ့ ၁၃ဦး၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့ ၁၀ဦး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ ကိုးဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ သုံးဦး၊ သုဓမ္မသိင်္ဂီဘွဲ့ သုံးဦးတို့ ပါဝင်သည်။

အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၀၅)ဖြင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် ဝိဇ္ဇာပညာထူးချွန်တံဆိပ် (ပထမဆင့်) နှစ်ဦး၊ ဝိဇ္ဇာပညာ ထူးချွန်တံဆိပ် (ဒုတိယဆင့်) နှစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ် (ပထမဆင့်) သုံးဦး၊ ဆေးပညာထူးချွန်တံဆိပ် (ဒုတိယဆင့်) တစ်ဦး၊ ဆေးပညာထူးချွန်တံဆိပ် (တတိယဆင့်) တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ်(ဒုတိယဆင့်)တစ်ဦး၊ နည်းပညာထူးချွန်တံဆိပ် (တတိယဆင့်) တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) တစ်ဦး၊ လယ်ယာစီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ရှစ်ဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် (ဒုတိယဆင့်) ခြောက်ဦး၊ စက်မှု စီးပွားထူးချွန်တံဆိပ် (တတိယဆင့်) ၃၉ဦး၊ စီမံထူးချွန်တံဆိပ် (ပထမဆင့်) ၁၈ဦး၊ စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်) ၃၁ဦး၊ စီမံထူးချွန်တံဆိပ် (တတိယဆင့်) ၉၈ဦး၊ လူမှုထူးချွန်တံဆိပ် (ပထမဆင့်) ၅၂ဦး၊ လူမှုထူးချွန် တံဆိပ် (ဒုတိယဆင့်) ၅၉ဦး၊ လူမှုထူးချွန်တံဆိပ်(တတိယဆင့်) ၁၀၇ဦး၊ ရဲသူရိန်တံဆိပ် လေးဦး၊ ရဲကျော်စွာတံဆိပ် ရှစ်ဦး၊ ရဲကျော်သူတံဆိပ် ခုနစ်ဦး စုစုပေါင်း ၄၄၉ဦး၊ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၀၅) ဖြင့် မြန်မာနိုင်ငံ စစ်မှုထမ်း သင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၈၈၇ဦး၊ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၀၅) ဖြင့် စစ်မှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၂၈ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၁၉၆၇ဦး စုစုပေါင်း ၁၉၉၅ဦး၊ အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၅)ဖြင့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၁၀၉ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၅၇၇၉ဦး စုစုပေါင်း ၅၈၈၈ဦး၊ အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၀၅)ဖြင့် ရဲမှုထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၂၃ဦး၊ အမိန့်ကြော်ငြာစာအမှတ်(၇/၂၀၀၅)ဖြင့် နိုင်ငံတော် ရဲမှုထမ်းတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူ ၁၃၃ဦး၊ အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၀၅) ဖြင့် ပြည်သူ့ဝန်ထမ်း တံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၁၁ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၁၅၇၀၈ဦး စုစုပေါင်း ၁၅၇၁၉ဦး၊ ငြိမ်ဝပ်ပိပြားရေးနှင့်တရားဥပဒေစိုးမိုးရေးတံဆိပ် ချီးမြှင့်အပ်နှင်းခြင်းခံရသူများတွင် အငြိမ်းစား ၁၀ဦး၊ တာဝန်ထမ်းဆောင်ဆဲ ၂၆၅၄၃ဦး စုစုပေါင်း ၂၆၅၅၃ဦးတို့ ပါဝင်သည်။ (သတင်းစဉ်)

✡ စာမျက်နှာ ၅ မှ

၂၅။ ဘဒ္ဒန္တပညိန္ဒ၊ ရွှေဘုံသာကျောင်းတိုက်၊ လိမ်ပင်ရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်း။
၂၆။ ဘဒ္ဒန္တနန္ဒိသာရ၊ သိဒ္ဓိအောင်ကျောင်း၊ ရှမ်းစုဆီးဘန်နီတိုက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်း။
၂၇။ ဘဒ္ဒန္တကောသလ္လ၊ ကုက္ကိုစုကျောင်းတိုက်၊ ကုက္ကိုစုကျေးရွာ၊ သာစည်မြို့နယ်၊ မန္တလေးတိုင်း။
၂၈။ ဘဒ္ဒန္တတေဇောသာရ၊ ညောင်သုံးပင်ပရိယတ္တိစာသင်တိုက်၊ ညောင်သုံးပင်ရပ်ကွက်၊ မိုးကုတ်မြို့၊ မန္တလေးတိုင်း။
၂၉။ ဘဒ္ဒန္တဝိရာဂ၊ မောင်နီပြင်ကျောင်းတိုက်၊ မောင်နီပြင်ကျေးရွာ၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်။
၃၀။ ဘဒ္ဒန္တကုန္ဒမာလာ၊ သိန်းတန်ဘူးသီးတောင်ကျောင်း၊ ကျောက်တစ်လုံးကျေးရွာ၊ ကျောက်တော်မြို့နယ်၊ ရခိုင်ပြည်နယ်။
၃၁။ ဘဒ္ဒန္တပညာသီဟ၊ နာရီကန်တပ်ဦးကျောင်း (ပရိယတ္တိစာသင်တိုက်)၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
၃၂။ ဘဒ္ဒန္တယသ၊ ရွှေကူကမ္မဋ္ဌာန်းကျောင်းတိုက်၊ (၇)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၃၃။ ဘဒ္ဒန္တကောဏ္ဍည၊ ချောင်းဝကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၃၄။ ဘဒ္ဒန္တဇနက၊ နေနတ်သားစာသင်တိုက်၊ လင်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၅။ ဘဒ္ဒန္တဓမ္မပီယ၊ ပဏ္ဍိတာရာမစာသင်တိုက်၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၃၆။ ဘဒ္ဒန္တခေမိန္ဒ၊ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၇။ ဘဒ္ဒန္တကေသရ၊ ညောင်ကုန်းကျောင်းတိုက်၊ ဘန့်ဘွေးကုန်းကျေးရွာ၊ နောင်ချိုမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၃၈။ ဘဒ္ဒန္တကုမုဒ၊ နမ့်ဟူးဖောင်တော်ဦးကျောင်း၊ သာလေးကျေးရွာအုပ်စု၊ နမ့်ဟူးရွာ၊ အင်းလေးဒေသ၊ ညောင်ရွှေမြို့နယ်၊ ရှမ်းပြည်နယ်။
၃၉။ ဘဒ္ဒန္တပညာဝံသ၊ ဝေဠုဝန်ပရိယတ္တိစာသင်တိုက်၊ ပင်လုံမြို့၊ လွိုင်လင်ခရိုင်၊ ရှမ်းပြည်နယ်။
၄၀။ ဘဒ္ဒန္တအဘာဂမော၊ ပါကန်ကျောင်းတိုက်၊ မိုင်းယန်းမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။
၄၁။ ဘဒ္ဒန္တဂန္ဓရသဝံသော၊ ဟိုခုံကျောင်းတိုက်၊ မိုင်းယောင်းမြို့၊ မိုင်းဖြတ်ခရိုင်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။
၄၂။ ဘဒ္ဒန္တရာဇိန္ဒ၊ သိရီမင်္ဂလာတိုက်သစ်ကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရုံးဒေါင့်ကျေးရွာ၊ ကျိုက်လတ်မြို့နယ်၊ ဧရာဝတီတိုင်း။
၄၃။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ မဟာဝိသုတာရာမကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အမှတ်(၁)ရပ်ကွက်၊ ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်း။
၄၄။ ဘဒ္ဒန္တရေဝတဓမ္မ၊ ဇေယျသုခကျောင်းတိုက်၊ အင်္ဂပူမြို့၊ ဧရာဝတီတိုင်း။

**ပြည်ပဘွဲ့ခံဆရာတော်**

၄၅။ Ven. Sandech Preah Sukontheathipadei Bour Kry၊ ဓမ္မယုတ္တိနိကာယဂိုဏ်း သာသနာပိုင်ဆရာတော်ကြီး၊ ဗုဒ္ဓသိပ္ပံကျောင်း၊ ကမ္ဘောဒီးယားနိုင်ငံ။
၄၆။ ဘဒ္ဒန္တကောဏ္ဍည၊ ဝပ်စီပရာဗတ်ကျောင်းတိုက်၊ ဗန်ကောက်မြို့၊ ထိုင်းနိုင်ငံ။
၄၇။ ဘဒ္ဒန္တအဂ္ဂဓမ္မ၊ ပရိယတ္တိသာသနာပြုကျောင်း၊ နမ့်ဆိုင်းကျေးရွာ၊ လိုဟာစ်မြို့နယ်၊ အရုဏာချာလ်ပြည်နယ်၊ အိန္ဒိယနိုင်ငံ။
၄၈။ ဘဒ္ဒန္တဉာဏုတ္တရ၊ ဂျောရှင်းအန်း ဝိပဿနာတရားရိပ်သာ၊ ထေရဝါဒဓမ္မစာရီကျောင်းတိုက်၊ ထိုင်းယောရွာ၊ ခရိုမမြို့နယ်၊ အိဘာရခိခရိုင်၊ ဂျပန်နိုင်ငံ။

**သီလရှင်ဆရာကြီးများ**

၄၉။ ဒေါ်ကေတုဝတီ၊ ရတနာမဥ္ဇူသီလရှင်စာသင်တိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၅၀။ ဒေါ်ပုညဝတီ၊ နိဗ္ဗိန္ဒတောင် တောရကျောင်းတိုက်၊ ရွာဘဲရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။

**ပြည်ပသီလရှင်**

၅၁။ ဆရာကြီးအနူဂါရိကရာနာမန်ဂျရီ၊ ဓမ္မကိတ္တိဝိဟာရကျောင်း၊ ကတ္တမန္ဒူးမြို့၊ နီပေါနိုင်ငံ။

**လူပုဂ္ဂိုလ်**

၅၂။ ဦးမြင့်ဆွေ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ ကျွန်းကုန်းကျေးရွာ၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၅၃။ ဦးဌေးအောင်၊ အမှတ် (၃၇၆)၊ လမ်း ၈၀၊ ၂၂ x ၂၃ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၅၄။ ဦးအောင်သိန်း၊ တိုက်(၁၇)၊ စကြာနွယ်စဉ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၅၅။ ဦးသန့်စင်၊ အမှတ်(၃၉)၊ ရွှေလောင်းညွန့် (၂၆၊ ဘီ)လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၅၆။ ဦးညွန့်စိန်၊ အမှတ်(၁၈၆)၊ သီရိမြိုင် (၉) လမ်း၊ (၁၃) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၅၇။ ဦးဟန်၊ အမှတ်(၄၅၃)၊ ပထမထပ်၊ အမှတ်(၉)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၅၈။ ဦးကျော်လှိုင်၊ (၂/၉၆)၊ အောင်မင်္ဂလာလမ်းမကြီး၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၅၉။ ဦးသန်းရွှေ၊ သမ္မတလမ်း(အနော်ရထာလမ်း)၊ အံ့ကြီးအရှေ့ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်း။

**သဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တခေမာစာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တရုံကျေးရွာ၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။
၂။ ဘဒ္ဒန္တပညာဝံသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တနိုင်းမြို့နယ်၊ ကချင်ပြည်နယ်။
၃။ ဘဒ္ဒန္တသုနန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ဖန်ခိုင်(၂) ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။
၄။ ဘဒ္ဒန္တဝေပုလ္လ၊ ရတနာသီရိပရိယတ္တိစာသင်တိုက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။
၅။ ဘဒ္ဒန္တပညာဇယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန၊ တပ်ဦးကျောင်း၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်။
၆။ ဘဒ္ဒန္တသူရိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ချိကွဲ့သာသနာပြုဌာန၊ ဘော်လခဲမြို့နယ်၊ ကယားပြည်နယ်။
၇။ ဘဒ္ဒန္တဝါရိန္ဒ၊ အမှတ်(၄)ရပ်ကွက်၊ ဥတ္တရာရုံအေးသုခကျောင်း၊ ဖာပွန်မြို့၊ ကရင်ပြည်နယ်။
၈။ ဘဒ္ဒန္တဝရသာမိ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လူးချောင်းဝကျေးရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။
၉။ ဘဒ္ဒန္တပဏ္ဍဝ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မီးဇာကျေးရွာ၊ ပလက်ဝမြို့နယ်၊ ချင်းပြည်နယ်။
၁၀။ ဘဒ္ဒန္တဉာဏ၊ ပရိယတ္တိအောင်မင်္ဂလာကျောင်းတိုက်၊ အမှတ်(၂) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဆိပ်ဖူးကြီးကျေးရွာ၊ အရာတော်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၁။ ဘဒ္ဒန္တဝိဇယ၊ လောင်ကျန်းနောက်ကုန်း ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ လောင်ကျန်းနောက်ကုန်းကျေးရွာ၊ လဟယ်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၁၂။ ဘဒ္ဒန္တကလျာဏ၊ မြေတိုက်ကျောင်းတိုက်၊ ကညုံ့ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။
၁၃။ ဘဒ္ဒန္တဇဝန၊ စစ်ပြိတိုက်ကျောင်း၊ စစ်ပြိကျေးရွာ၊ လောင်းလုံမြို့နယ်၊ တနင်္သာရီတိုင်း။
၁၄။ ဘဒ္ဒန္တပညာနန္ဒ၊ သုခရိပ်သာကမ္မဋ္ဌာန်းကျောင်းတိုက်၊ အောင်သုခရပ်ကွက်၊ ကော့သောင်းမြို့၊ ကော့သောင်းခရိုင်၊ တနင်္သာရီတိုင်း။
၁၅။ ဘဒ္ဒန္တသုမန၊ တိုင်တစ်ရာမဒေါက်ကျောင်းကြီး၊ မဒေါက်မြို့၊ ညောင်လေးပင်မြို့နယ်၊ ပဲခူးတိုင်း။
၁၆။ ဘဒ္ဒန္တဝါယမ၊ တောင်သုံးလုံးမြသိန်းတန်ကျောင်း၊ တုန်းသံဒင်းကျေးရွာ၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်း။
၁၇။ ဘဒ္ဒန္တတေဇန၊ ဒေါင်းလူးကျောင်းတိုက်၊ ဒေါင်းလူးကျေးရွာ၊ ကြို့ပင်ကောက်မြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၁၈။ ဘဒ္ဒန္တသုစိဏ္ဏာလင်္ကာရ၊ စုက္ခရာ (စံပြ) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မှတ်ရှည်အုပ်စု၊ ရွှေတံခါးကွက်သစ်၊ ပြည်မြို့နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၁၉။ ဘဒ္ဒန္တတေဇနိယ၊ အမှတ်(၅) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ကျောင်းကုန်းလေးအနောက်ကျောင်း၊ ကျောင်းကုန်းလေးကျေးရွာ၊ မင်းဒဲအုပ်စု၊ ပွင့်ဖြူမြို့နယ်၊ မကွေးတိုင်း။
၂၀။ ဘဒ္ဒန္တစိန္တာဝရ၊ မဟာလင်္ကာရသိပ္ပံကျောင်း၊ ဇင်းကျိုက်ကျေးရွာ၊ ပေါင်မြို့နယ်၊ မွန်ပြည်နယ်။
၂၁။ ဘဒ္ဒန္တဝိသေသ၊ ဇေယျာသီရိဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဇေယျာသီရိရပ်ကွက်၊ ဒိုင်းဝန်ကွင်းနယ်မြေ၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်။
၂၂။ ဘဒ္ဒန္တမာဃိန္ဒ၊ မာဃိန္ဒာရာမဉယျာဉ်လေးကျောင်းတိုက်၊ ဉယျာဉ်ငယ်ကျေးရွာ၊ စဥ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်း။
၂၃။ ဘဒ္ဒန္တဆန္ဒသိဒ္ဓိ၊ အမှတ်(၁၁) ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရေလည်ကျောင်း၊ တံတားဦးကျေးရွာ၊ စဥ့်ကူးမြို့နယ်၊ မန္တလေးတိုင်း။
၂၄။ ဘဒ္ဒန္တဥတ္တမ၊ သဝင်ချောင်းပရိယတ္တိစာသင်တိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သဝင်ချောင်းကျေးရွာ၊ ပေါက်တောမြို့နယ်၊ ရခိုင်ပြည်နယ်။
၂၅။ ဘဒ္ဒန္တကုန္ဒဝံသ၊ တောင်တန်းသာသနာပြု ဗဟိုကျောင်း၊ ကိုးကန့်တန်းသာသနာပြုဌာန၊ အမ်းမြို့နယ်၊ ရခိုင်ပြည်နယ်။
၂၆။ ဘဒ္ဒန္တကေလာသ၊ အဘိဓမ္မာဝိသုဒ္ဓိမဂ်နှင့်ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း၊ ကမ္ဘာအေးကုန်းမြေ၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၂၇။ ဘဒ္ဒန္တပညာသာရ၊ ပန်းတပွင့်တောင်သာသနာပြုတောရကျောင်း၊ ဖူးကြီးရေလှောင်ကန်အနီး၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း။
၂၈။ ဘဒ္ဒန္တဝိနယာစာရ၊ ဇေယျသုခကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မိုခမ်းရပ်ကွက်၊ နမ့်ခမ်းမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။
၂၉။ ဘဒ္ဒန္တနန္ဒောဘာသ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ မိုင်းပျင်းမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၃၀။ ဘဒ္ဒန္တစန္ဒသိရီ၊ ပညာဒီပကျောင်းတိုက်၊ မက်မန်းမြို့၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)။
၃၁။ ဘဒ္ဒန္တတေဇနိယ၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။
၃၂။ ဘဒ္ဒန္တကောသလ္လ၊ ထူပါရုံကျောင်းတိုက်၊ ဒီးဒူးကုန်းရွာ၊ ငပုတောမြို့နယ်၊ ဧရာဝတီတိုင်း။
၃၃။ ဘဒ္ဒန္တဝိနယ၊ သုခိတာရာမပရဟိတကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ လပွတ္တာမြို့၊ ဧရာဝတီတိုင်း။

**သီလရှင်ဆရာကြီးများ**

၃၄။ ဒေါ်ခေမာစာရီ၊ သာသနာ့ဂုဏ်ရည် သီလရှင်စာသင်တိုက်နှင့် သီလရှင်သင် (အမျိုးသမီး) ပညာရေးကျောင်း၊ နန္ဒွင်းကုန်းရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၃၅။ ဒေါ်တိသရထေရီ၊ ဝိသာခါသီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်း၊ အမှတ်(၈၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်း။

**လူပုဂ္ဂိုလ်**

၃၆။ ဦးခွန်းတော့၊ လိုပူနယောင်လာကျေးရွာ၊ လိုပူကျေးရွာအုပ်စု၊ ဒီမောဆိုမြို့နယ်၊ ကယားပြည်နယ်။

**အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တဓမ္မောဘာသ၊ မဟာစည်သာသနာ့ရိပ်သာကျောင်း၊ အဝေရာတောင်၊ ဟုမ္မလင်းမြို့နယ်၊ စစ်ကိုင်းတိုင်း။
၂။ ဘဒ္ဒန္တယုဝိန္ဒ၊ ကြောင်ပန်းတောရတိုက်၊ မြဝတီရပ်၊ ဘုတလင်မြို့၊ စစ်ကိုင်းတိုင်း။
၃။ ဘဒ္ဒန္တဇဋိလပဏ္ဍိတ၊ အရိယာမဂ္ဂဝိပဿနာရိပ်သာ၊ ဘုရားကြီးကျောင်းတိုက်၊ ဝက်လက်မြို့၊ စစ်ကိုင်းတိုင်း။
၄။ ဘဒ္ဒန္တကောသလ္လ၊ ရွှေစေတီကျောင်း၊ ကံပေါက်ဒေသ၊ ရေဖြူမြို့နယ်၊ တနင်္သာရီတိုင်း။
၅။ ဘဒ္ဒန္တပညာစက္က၊ သောင်ကုန်းသာသနာ့ရိပ်သာ၊ ငါးဖယ်အင်းကျေးရွာအုပ်စု၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်း။
၆။ ဘဒ္ဒန္တတေဇနိယ၊ ဝေဠုဝန်သာသနာ့ရိပ်သာကျောင်း၊ အမှတ်(၆)ရပ်ကွက်၊ တောင်ငူမြို့၊ ပဲခူးတိုင်း။
၇။ ဘဒ္ဒန္တဇာဂရ၊ ဆွမ်းလောင်းဓမ္မရိပ်သာကျောင်းတိုက်၊ မူယာပင်ရပ်ကွက်၊ ရွှေဟသာ်မြို့သစ်၊ ပြည်မြို့၊ ပဲခူးတိုင်း (အနောက်ပိုင်း)။
၈။ ဘဒ္ဒန္တကေသရ၊ အောင်မင်္ဂလာစာသင်ကျောင်းတိုက်၊ အနောက်ပိုင်းရပ်၊ သရက်မြို့၊ မကွေးတိုင်း။
၉။ ဘဒ္ဒန္တဥပါလိ၊ သာသနာ့ဝေပုလ္လာရာမကျောင်းတိုက်၊ ကော့ခပုံစံပြကျေးရွာ၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်။
၁၀။ ဘဒ္ဒန္တဝိဇယ၊ စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်း၊ ဥပုသ်တော်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၁၁။ ဘဒ္ဒန္တပညိန္ဒ၊ အုဋ္ဌဖိုလ်ကျောင်းတိုက်၊ ပုဂံတောင်ကျေးရွာ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်း။
၁၂။ ဘဒ္ဒန္တဇာဂရ၊ ပန်းခြံကုန်း (မိုးကုတ်ဝိပဿနာရိပ်သာ) ကျောင်းတိုက်၊ အဖွဲ့ခွဲ (၃၆၇)၊ ၂/ခရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်း။
၁၃။ ဘဒ္ဒန္တသူရိယ၊ မဟာစည်သာသနာ့ရိပ်သာ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၄။ ဘဒ္ဒန္တစန္ဒိမာ၊ ဗုဒ္ဓဓမ္မရိပ်သာကျောင်း၊ (၂)ဝိုင်း၊ ပါရမီလမ်း၊ အမှတ်(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၁၅။ ဘဒ္ဒန္တကုန္ဒိယ၊ ဓမ္မသုခကာရီကျောင်းတိုက်၊ လဟာကလူကျေးရွာ၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်း။
၁၆။ ဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ သဒ္ဓါဓိက မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်း၊ သမိန်ထောသိမ်ကုန်းကျေးရွာ၊ ဖျာပုံမြို့နယ်၊ ဧရာဝတီတိုင်း။

**မဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တကောသလ္လ၊ ဇမ္ဗူအေးမဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ အိုင်းလျှားရွာ၊ တန့်ဆည်မြို့နယ်၊ စစ်ကိုင်းတိုင်း။
၂။ ဘဒ္ဒန္တတိလောက၊ သရက်ပင်ဆိပ်ဓမ္မရိပ်သာကျောင်းတိုက်၊ ပိုင်ကျုံကျေးရွာအုပ်စု၊ ကဝမြို့နယ်၊ ပဲခူးတိုင်း။
၃။ ဘဒ္ဒန္တဇောတိက၊ ဓမ္မရိပ်သာကန်သာဇေယျုံကျောင်း၊ မင်းရွာ၊ သနပ်ပင်မြို့နယ်၊ ပဲခူးတိုင်း။
၄။ ဘဒ္ဒန္တသြဘာသ၊ ညောင်ကန်အေးကန်လယ်ကျောင်း၊ သာသနာ့ရိပ်သာ၊ (၂)ရပ်ကွက်၊ သဲကုန်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၅။ ဘဒ္ဒန္တသုတာစာရ၊ မဟာစည်သာသနာ့ရိပ်သာကျောင်းတိုက်၊ ရွာမရပ်ကွက်၊ နတ်တလင်းမြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၆။ ဘဒ္ဒန္တဥတ္တမသာရ၊ ဇမ္ဗူအေးမဟာစည်သာသနာ့ရိပ်သာ၊ ငွေးချိုရွာ၊ ချောက်မြို့နယ်၊ မကွေးတိုင်း။
၇။ ဘဒ္ဒန္တဒေဝိန္ဒောဘာသာဘိဝံသ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၊ သပြေပင်ကျောင်းတိုက်၊ ဘောဂဝတီရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း၊
၈။ ဘဒ္ဒန္တဓမ္မသာမိ၊ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းရိပ်သာ၊ သီရိမင်္ဂလာရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။
၉။ ဘဒ္ဒန္တအာလောက၊ ပိန်းကန်ဓမ္မရိပ်သာ၊ ပိန်းကန်ကျောင်းတိုက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၀။ ဘဒ္ဒန္တပဏ္ဍဝံသ၊ မဏိရတနာကျောင်း (ဓမ္မရိပ်သာ)၊ ဇမ္ဗူအေးကျောင်းတိုက်၊ (ဈ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဘဒ္ဒန္တဝါသဝ၊ ဓမ္မအေးရိပ်သာကျောင်းတိုက်၊ ကျုံလတာလှေကြီးစုကျေးရွာ၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဧရာဝတီတိုင်း။
၁၂။ ဘဒ္ဒန္တသုဓမ္မိသရ၊ သီတာရုံကျောင်းတိုက်၊ နေဝင်းရပ်ကွက်၊ ရေကြည်မြို့၊ ဧရာဝတီတိုင်း။

**ပြည်ပဘွဲ့ခံဆရာတော်**

၁၃။ ဘဒ္ဒန္တနန္ဒသိရီ၊ ဥရောပ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ ပါရီမြို့၊ ပြင်သစ်နိုင်ငံ။

**ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တတေဇိန္ဒ၊ ဗောဓိကျောင်းတိုက်၊ ရေမြစ်ကြီးကျေးရွာ၊ စန္ဒဝတ်ကျေးရွာအုပ်စု၊ မြိတ်မြို့နယ်၊ တနင်္သာရီတိုင်း။
၂။ ဘဒ္ဒန္တဥတ္တိယ၊ မိုးထိအောင်စည် သာသနာ့ရိပ်သာကျောင်းတိုက်၊ တံခွန်တိုင်ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်း။
၃။ ဘဒ္ဒန္တဝါယာမိန္ဒ၊ ရတနာမာရ်အောင်တောရ ဓမ္မရိပ်သာကျောင်းတိုက်၊ ညောင်ပင်ဈေးရပ်ကွက်၊ မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်။
၄။ ဘဒ္ဒန္တကုမာရ၊ စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတိုက်၊ ဇ/မြောက်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဘဒ္ဒန္တတေဇနိယ၊ မိုးကုတ်ဝိပဿနာ ထားဝယ်ကျောင်းတိုက်၊ တာကလေးရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်း။

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်**

၁။ ဦးသိန်းမောင်၊ အမှတ်(၄၁)၊ ၆၆ x ၂၆လမ်းထောင့်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၂။ ဦးသိန်းဝင်း၊ အမှတ် (၁၅၄)၊ ၁၉လမ်း (အပေါ်လမ်း)၊ (၄)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးဝင်းမြင့်၊ အမှတ်(၁၃၅အယ်လ်)၊ သံလွင်လမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးစိန်လှဝင်း (ခ) ဦးလှဝင်း၊ အမှတ် (၁၅၂၆)၊ ကင်းဝန် (၄)လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဦးစိုင်းထွန်းရင်၊ အမှတ်(ည/၁၂၈)၊ ညောင်ဖြူစခန်းရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်။

**အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော်**

၁။ ဒေါ်မိမိခင်၊ အမှတ်(၅၃–က)၊ စကားဝါလမ်း၊ ပြည်လမ်း၊ အရှေ့ရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်း။ စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ⇨

➪ စာမျက်နှာ ၁၂ မှ

### သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်

၁။ ဦးမောင်လှ၊ ကျောက်ကာရွာ၊ ပုလောမြို့နယ်၊ တနင်္သာရီတိုင်း။
၂။ ဦးအောင်သိန်း၊ အမှတ်(၃၆) ၈၃x၂၀လမ်းထောင့်၊ ပုလဲငွေရောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၃။ ဦးရွှေမြ၊ အမှတ်(၉) မင်းလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၄။ ဦးတင့်ဆန်း၊ အမှတ်(၁၅၃) ခရေပင်လမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊ ၁၀/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်း။
၅။ ဦးထွန်းလင်း၊ အမှတ်(၂၇) အင်းစိန်လမ်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။
၆။ ဦးဇော်မင်းဇင်၊ အမှတ်(၁၃၅–အေ) သံလွင်လမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း။
၇။ ဒေါက်တာဝင်းဇော်၊ အမှတ်(၆၀၊ က/ခ) ဓမ္မာရုံလမ်း၊ (၁၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်း။
၈။ ဒေါက်တာမိုးတင်၊ အမှတ်(၁၁/အေ) ဦးထွန်းမြတ်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်း။

### သီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ညိုညို၊ (ဒေါ်ထွေး ဂေါမုတ္တတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း) တိုက်(၁၂)၊ တရုတ်တန်းလမ်း၊ ဘုရားကြီးရပ်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဒေါ်သန်းသန်းဝင်း၊ စံရွေးတန်းလမ်း၊ သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၃။ ဒေါ်ခင်သန်းဦး၊ အမှတ်(၄၀)၊ ကံပွင့်လမ်း၊ အမှတ်(၇)ရပ်ကွက်၊ ရေစကြိုမြို့၊ မကွေးတိုင်း။
၄။ ဒေါ်အေး၊ အကွက်(၃၄၁)၊ ဆင်တိုင်ရပ်၊ သာသနာ့ရိပ်သာလမ်း၊ စိန်ပန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်း။
၅။ ဒေါ်အေးအေးချို၊ အမှတ်(၄)ရပ်ကွက်၊ ထိန်ကန်ရပ်၊ သာစည်မြို့၊ မန္တလေးတိုင်း။
၆။ ဒေါ်ရွှေသက်၊ အမှတ်(၉၀–အယ်လ်) ရွှေတောင်ကြား(၁)လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၇။ ဒေါ်တင်နွယ်ဦး၊ အမှတ်(၂၆၁/၃၅၉) ရွှေဘုံသာလမ်း၊ မုန်ချိုဆေးတိုက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၈။ ဒေါက်တာမြတ်မြတ်အုန်းခင်၊ အမှတ်(၂၉၁–က)၊ အေးချမ်းသာယာလမ်း၊ အလယ်ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၉။ ဒေါ်ခင်ဝါဝါ၊ အမှတ်(၂၇၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ၃၈လမ်းကြားထောင့်၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်း။
၁၀။ ဒေါ်သန်းသန်း၊ အမှတ်(၇၂)၊ ရေတာရှည်လမ်းဟောင်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၁။ ဒေါ်အေးမြတ်နွယ်၊ အမှတ်(၅၂–က)၊ ဆရာစံလမ်းမကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၂။ ဒေါ်စန်းဝင်း(ခ)ဒေါ်စန်းစန်းဝင်း၊ အမှတ်(၈၁)၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေတောင်ကြား (၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၃။ ဒေါ်နန်းခမ်းတစ်(ပ်)၊ အမှတ်(၁၇–ဘီ) မေခလမ်း၊ အမှတ်(၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

### သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးဆန်းလွင်၊ သူရဲသမိန်ကျေးရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်း။
၂။ ဦးရဲဒင်၊ အရှေ့လမ်းသစ်တန်း၊ စံရွေးတန်းရပ်ကွက်၊ သုံးဆယ်မြို့၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၃။ ဦးကြည်လွင်၊ အမှတ်(၁၂၈)၊ ၇၈x၃၇လမ်းထောင့်၊ မျက်ပါးရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်း။
၄။ ဦးစိုးသိမ်း၊ ဘူတာရပ်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။
၅။ ဦးစိုးသိမ်း၊ မြတ်မွန်ရတနာသက်န်းတိုက်နှင့် ရွှေဆိုင်၊ အမှတ်(၄၉)၊ အုတ်လမ်း၊ ရေနံ့သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၆။ ဒဂုံဦးတင်ဝင်း၊ အမှတ်(၉၅၇) ဗိုလ်ဖိုးစောလမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်း။
၇။ ဦးနှင်းစိန်၊ အမှတ်(၆၈) စလင်းလမ်း၊ သာဓုအနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်း။
၈။ ဦးတင်ဦး၊ အမှတ်(၈၄) အောင်ဇေယျလမ်း၊ အမှတ်(၄)ရပ်ကွက်၊ သုံးခွမြို့နယ်၊ ရန်ကုန်တိုင်း။
၉။ ဦးကိုကိုလတ်၊ ခြံအမှတ်(၁၅)ကန်တော်မွန်အိမ်ရာ၊ လေးထောင့်ကန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၁၀။ ဦးမြတ်လွင်၊ အမှတ်(၃၄–အေ)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

### သီဟသုဓမ္မသီဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်မြကြည်၊ ညိုညိုဆေးလိပ်ရုံ၊ အမှတ်(၃)ရပ်ကွက်၊ ကန့်ဘလူမြို့၊ စစ်ကိုင်းတိုင်း။
၂။ ဒေါ်ညွန့်သန်း၊အမှတ်(၁၈)၊ ညောင်ပိုင်း ၁၇ လမ်း၊ ပဲခူးမြို့၊ ပဲခူးတိုင်း။
၃။ ဒေါ်လှမြိုင်၊ စိန်ရတနာဆေးတိုက်၊ လမ်းမတော်လမ်း၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ ပြည်မြို့၊ ပြည်ခရိုင်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၄။ ဒေါ်ရင်ကြွေ၊ ပြည်–ရန်ကုန်လမ်း၊ သရက်တောရပ်ကွက်၊ ရွှေတောင်မြို့နယ်၊ ပြည်ခရိုင်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၅။ ဒေါ်ကြင်မြင့်၊ တရုတ်တန်းလမ်း၊ စံရွေးတန်းရပ်ကွက်၊ သုံးဆယ်မြို့၊ သာယာဝတီခရိုင်၊ ပဲခူးတိုင်း(အနောက်ပိုင်း)။
၆။ ဒေါ်ခင်ညို၊ သာယာအေးရပ်ကွက်၊ ကျောက်ပန်းတောင်းမြို့၊ မန္တလေးတိုင်း။
၇။ ဒေါ်စန်းကြူ၊ အမှတ်(၂၄)၊ ၂၆–ဘီ လမ်း၊ ၈၆x၈၇လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်း။
၈။ ဒေါ်ကြည်ကြည်ဝင်း၊ အမှတ်(၇)၊ကမ္ဘာအေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။
၉။ ဒေါ်ရွှေစင်၊ အမှတ်(၁)၊ ဝင်္ကဘာလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်း။

### သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်

၁။ ဦးတိုးတိုးအောင်၊ သိဒ္ဓိရတနာရွှေရောင်းဝယ်ရေးနှင့် ရွှေပန်းထိမ်လုပ်ငန်း၊ အမှတ်(၂)ရပ် ကွက်၊ ဗိုလ်ချုပ်လမ်း၊ ကျောင်းမြောက်ရပ်၊ မော်လိုက်မြို့၊ စစ်ကိုင်းတိုင်း။
၂။ ဦးစိုးရှိန်၊ အမှတ်(၃၇၇)၊ လှော်ကားလမ်းမကြီး၊ ၅၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်း။
၃။ ဦးအောင်ညွန့်၊ အမှတ်(၁၁၅)၊ ဗိုလ်ဗထူးလမ်း၊ (၃)ရပ်ကွက်၊ ဘိုကလေးမြို့၊ ဧရာဝတီတိုင်း။

### သုဓမ္မသီဂီဘွဲ့တံဆိပ်တော်

၁။ ဒေါ်ခင်မာချို၊ အမှတ်(၃၂၄)၊ ခရေလမ်း၊ ဘုမ္မော်ရပ်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်း။
၂။ ဒေါ်ဆွေသဇင်၊ အမှတ်(အေအေ ၁–၂–၃)လမ်း(၃၀)၊ ၆၆x၆၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်း။
၃။ ဒေါ်ရန်တီ၊ ခြံအမှတ်(၄–စီ)၊ ၆–မိုင်၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်း။

**အမိန့်အရ**
**ပုံ/–**
**သိန်းစိန်**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး(၁)**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

### ☆ (၅၇)နှစ်မြောက်မှ

အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ခမ်တေးဆီဖန်ဒုံထံမှ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် လာအိုပြည်သူများ ကိုယ်စားလည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်သအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ပြည်သူများအကြား ရင်းနှီးချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်မြင့်မားလျက်ရှိကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာလာမည်ဟု မျှော်လင့်ကြောင်း၊ ဒေသတွင်း၌သာမက တစ်ကမ္ဘာလုံးအတိုင်းအတာအရ ငြိမ်းချမ်းရေး၊ တည်ငြိမ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် မိမိတို့နိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အဆွေတော် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူတစ်ရပ်လုံး တိုးတက်ကြီးပွားကြွယ်ဝစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ဖော်ပြထားသည်။

#### ကမ္ဘောဒီးယား

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် နိုရိုဒွန်သီဟာမိုနီထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်နေ့ထူးနေ့မြတ် လွတ်လပ်ရေးအချိန်အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံ ကမ္ဘောဒီးယားပြည်သူများကိုယ်စား မိမိဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော်၏ ကျန်းမာရေး၊ ပျော်ရွှင်မှုနှင့် မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေး၊ တိုးတက်ရေးနှင့် ကြွယ်ဝချမ်းသာရေးတို့အတွက် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံ ညီအစ်ကိုတော်ပြည်သူများ၏ ခိုင်မာသောစည်းလုံးစွာ ပူးပေါင်းဆောင်ရွက်မှုကြောင့် နှစ်နိုင်ငံအကျိုးစီးပွားများ ဆက်လက်ဖွံ့ဖြိုးနေမည်ဟု အပြည့်အဝယုံကြည်ကြောင်းဖော်ပြထားသည်။

#### အင်ဒိုနီးရှား

၂၀၀၅ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ စုဆီလိုဘန်ဘန်းယူဒိုယူနိုထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ ချိန်ခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံထံသို့ မိမိဝမ်းမြောက်ကြောင်း ဆုမွန်ကောင်းများ ပို့သလိုက်ပါသည်ဟု ဖော်ပြထားသည်။ ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံတို့သည် အစဉ်ထာဝရ ချစ်ကြည်ရင်းနှီးစွာဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သယ်ပိုးနိုင်ခဲ့ကြကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် အာဆီယံမှုဘောင်များအတွင်းမှ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ပြည်သူများအတွက် ဆောင်ကြဉ်းပေးနိုင်စေကြောင်းမျှော်လင့်ဆုတောင်းလိုက်ပါသည်ဟု ဖော်ပြထားသည်။ (ကြေးမုံ)

## စီးပွား/ ကူးသန်းဂျာနယ် အတွဲ(၅)၊ အမှတ်(၁) ဖြန့်ချီ

**ရန်ကုန် ဇန်နဝါရီ ၃**

ဆရာမောင်စူးစမ်း၊ ဆရာအောင်သင်း၊ ဆရာပါရဂူ၊ ဒေါက်တာခင်မောင်ညို၊ ဦးဟန်ထွန်းတို့၏ ဆောင်းပါးများနှင့်အတူ သုတ/ရသ ဆောင်းပါးများဖြင့် စေစေဆာဆာ ဖော်ပြထားသည့် စီးပွား/ကူးသန်းဂျာနယ် အတွဲ(၅)၊ အမှတ်(၁)ကို အမှတ်(၃၈)၊ လမ်း(၃၀) ပန်းဘဲတန်းမြို့နယ် ရန်ကုန် စီးပွားကူးသန်းဂျာနယ်တိုက်မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ (က–ပ)

## သစ်တောပြတိုက်ဖွင့်ပွဲ အခမ်းအနားကျင်းပ
## ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေး

ရန်ကုန် ဇန်နဝါရီ ၃

**သစ်တောရေးရာဝန်ကြီးဌာန သစ်တောပြတိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အနောက်ကြို့ကုန်းဘုရင့်နောင်လမ်းရှိ သစ်တောဦးစီးဌာန (ရုံးချုပ်) တော်ဝင်ခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်၊ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ဌာနေကိုယ်စားလှယ် Mr. Tang Zhengping၊ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

#### ဖွင့်လှစ်

အခမ်းအနားတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က သစ်တောပြတိုက်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုရှင်းလင်းတင်ပြသည်။ ထို့နောက် ဖွင့်ပွဲကို သစ်တောပြတိုက်ရှေ့၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က သစ်တောပြတိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပြတိုက်အတွင်း ပြကွက်အလိုက် ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုကြသည်။

#### ကဏ္ဍအလိုက်ပြသထား

အဆိုပါ သစ်တောပြတိုက်ကို အများပြည်သူများ၊ ကျောင်းသားကျောင်းသူများ သစ်တောပညာ ဗဟုသုတ တိုးတက်ရရှိစေရန်၊ သစ်တောရေးရာဝန်ကြီးဌာန လုပ်ငန်းကိစ္စရပ်များနှင့် ပတ်သက်သော မှတ်တမ်းဝင်ပစ္စည်းများ၊ ဓာတ်ပုံများနှင့် အချက်အလက်များကို တစ်နေရာတည်းတွင် လေ့လာနိုင်စေရန်၊ အများပြည်သူများက သစ်တောလုပ်ငန်းဆိုင်ရာ သမိုင်းဝင်ပစ္စည်းများကို လှူဒါန်းနိုင်စေရန်နှင့် သစ်တော သယံဇာတများ၏ အရေးကြီးပုံကို နားလည်သဘောပေါက်ပြီး ဝိုင်းဝန်းထိန်းသိမ်းလိုစိတ် တိုးတက်မြင့်မားလာစေရန်ဟူသော ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြခန်းများတွင် သစ်တော ထိန်းသိမ်းခြင်းနှင့် အုပ်ချုပ်လုပ်ကိုင်ခြင်းပြခန်း၊ သစ်တောထွက်ပစ္စည်းများ ပြခန်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်းပြခန်းနှင့် သစ်ထုတ်လုပ်ခြင်းနှင့် အသုံးချခြင်း ပြခန်းများဖြင့် ကဏ္ဍအလိုက် ပြသထားသည်။

သစ်တောပြတိုက်ကို နေ့စဉ် နံနက် ၁၀နာရီမှ ညနေ၄နာရီအထိ အများပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပြသထားမည်ဖြစ်သည်။

(သတင်းစဉ်)

**သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောပြတိုက်ဖွင့်ပွဲအခမ်းအနားတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ပြတိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။**

(သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ အပ်နှင်းသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်

**ရန်ကုန် ဇန်နဝါရီ ၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဂန္ထဓုရပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပရိယတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာ အမှတ်(၁/၂၀၀၅)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၀၅)ကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၀၅)ကို လည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၄/၂၀၀၅)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ် ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာ အမှတ်(၅/၂၀၀၅) ကို လည်းကောင်း၊

**စာမျက်နှာ ၁၁ ကော်လံ ၄ သို့** ❁

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော် ကာကွယ်ရေးအတွက် ပေးအပ်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ထူးကဲကောင်းမွန်စွာ ထမ်းဆောင်နိုင်ခြင်းအတွက် စစ်မှုထမ်း ၂၈ဦးအား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ဂုဏ်ထူးဆောင်လက်မှတ်များကို ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် ဒသမတန်း ဘက်စုံပညာထူးချွန်ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

# (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအကြီးအကဲများ သဝဏ်လွှာများပေးပို့

**ရန်ကုန် ဇန်နဝါရီ ၄**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းထံသို့ လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

**လာအို**

၂၀၀၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၇)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင်ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်

**စာမျက်နှာ ၁၃ ကော်လံ ၅ သို့** ☆

# အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ နယ်ပယ်ကဏ္ဍစုံတွင် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်း ရေခံမြေခံအခြေခံကောင်းများ ခိုင်ခိုင်မာမာ အောင်မြင်ဖြစ်ထွန်းနေသည်ကို အားရဂုဏ်ယူဖွယ်တွေ့မြင်နေရ

ရန်ကုန် ဇန်နဝါရီ ၃

**ပညာရေးဝန်ကြီးဌာန ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမဦးကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။**

အခမ်းအနားသို့ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု

- ✱ ဦးအောင်မွန်(မဟာဝိဇ္ဇာ)၏ ***ညီရင်းနောင်မြတ် သတိချပ်စို့*** *(ကဗျာ)* *စာမျက်နှာ(၁၁)*
- ✱ ကေတုနီလာ၏ ***အဝေးအနီး***(*ကဗျာ*) *အထူးထုတ်၊ စာမျက်နှာ(ခ)*
- ✱ ရွှေတင်အုန်း၏ ***နယ်ချဲ့လက်အောက် ကျရောက်ခဲ့စဉ်က အတွေ့အကြုံများ ပြန်လည်ပြောပြသည့် အသက်(၁၀၀)ပြည့် ဘွားအိမ်ပြည့်*** *(ဆောင်းပါး)* *စာမျက်နှာ(၆)*
- ✱ တက္ကသိုလ်မောင်သုလှိုင်၏ ***လွတ်လပ်ခြင်းမှသည် နိုင်ငံတစ်လွှား ပန်းအလားသို့ ဖူးပွင့်စုံညီ ဖွံ့ဖြိုးစည်*** *(ဆောင်းပါး)* *အထူးထုတ်၊ စာမျက်နှာ(ဃ)*
- ✱ ကာတွန်းမောင်ဗချီ၏ ***တိုင်းရင်းသားစည်းလုံး ညီညွတ်မှုအင်အား*** *(ကာတွန်း)* *စာမျက်နှာ(၁၁)*